# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၀)ရက် ၊ တနင်္လာနေ့ ၊ (18-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

### ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်သွားခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအား စွမ်းဆောင်မှုဂုဏ်ပြုငွေအမေရိကန်ဒေါ်လာ ၁၀၀၀၀ ချီးမြှင့်ခဲ့သည်။

"ပွဲစဉ်တွေအားလုံး ရှုံးပွဲမရှိကစားနိုင်ပြီး ဗိုလ်လုပွဲကို ထိုက်တန်စွာ ရောက်ရှိခဲ့လို့

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စာမျက်နှာ ၁၆ ကော်လံ ၁ ❍

## လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခုဖြစ်ပေါ်နေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဩဂုတ် ၁၉ ရက်တွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း - အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)






**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပုစံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြားအရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်တွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)- ဖုန်း - ၀၉ ၆၉၁၂၂၁၆၁၃၊ ၀၉ ၆၆၉၂၉၉၈၅၄



ရတနာပုံ

၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်

**အယ်ဒီတာ့အာဘော်**

# နောင်ချိုမြို့ ပညာရေးနှင့်ကျန်းမာရေးတိုးတက်မှုကို ဂုဏ်ပြုအားပေး

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးဆောင်ရွက်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ကို ဇူလိုင် ၁၆ ရက်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ယခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးများကို တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း ဩဂုတ် ၁၅ ရက်ထိ အခြေခံပညာကျောင်းပေါင်း ၆၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိသည်ကို တွေ့ရပေသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကိုလည်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာများကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ဆေးရုံကြီး၌ အတွင်းလူနာအဖြစ်တက်ရောက်ဆေးကုသမှုခံယူနေသူများကိုလည်း ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

အကြမ်းဖက်သောင်းကျန်းသူများထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ရယူထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းသာစွာအားပေးကြိုဆိုကြသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ နေရပ်သို့ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် တပ်မတော်က မော်တော်ယာဉ်များစီစဉ်ပေးခြင်း၊ ၎င်းတို့၏အသုံးအဆောင်ပစ္စည်းများကို ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်း၊ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်းနှင့် အခြားလိုအပ်သည့်ပံ့ပိုးကူညီရေးလုပ်ငန်းများကို အားတက်သရောဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိကြသည်။

နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိကြသည်။ ကလေးသူငယ် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အင်တိုက်အားတိုက်ဆောင်ရွက်နေမှုအပေါ် ဂုဏ်ပြုပါကြောင်း ဝမ်းသာအားပေးမှုဖြင့် ရေးသားလိုက်ရပေသည်။

# စဉ့်ကိုင်မြို့နယ် လက်ဝဲကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**စဉ့်ကိုင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ဝဲကျေးရွာအုပ်စု လက်ဝဲကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်သူများ၊ အခြားဝင်ငွေတိုးစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးများ ရရှိစေရန် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ဝဲကျေးရွာ၌ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်မှုသတ်မှတ်ပုံစံများ၊တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင် ငါးဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၇၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးဧက ၁၉၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ်တွင် ငါးမုတ်များအရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ယခုနှစ် ဩဂုတ်ပထမအပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်ယူအားကောင်းလာပြီး ပိဿာချိန်အများအပြား အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ငါးတွေထဲမှာ ငါးမုတ်တွေက ပိုမိုရောင်းချအားကောင်းနေပါတယ်။ လက်ရှိ တစ်နေ့ကို ပျမ်းမျှငါးမုတ်ပိဿာချိန် ၆၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို ငါးမုတ်တွေအဝယ်လိုက်လာလို့ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒေသထွက် ငါးမုတ်တွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဇလွန်မြို့နယ်မှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို မှာယူပြီးစနစ်တကျ သန့်စင်ကာ ဝယ်ယူသည့်ဒေသများကို ဆက်လက်ဖြန့်ဖြူးတင်ပို့ရောင်းချ လျက်ရှိကြောင်း၊ အဆိုပါ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပိုက်သင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက VDP စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲ စာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသောကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပိုက်သင်ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာ ပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# မော်လမြိုင်ကျွန်းမြို့နယ် တပ်ငူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ငူကျေးရွာအုပ်စု တပ်ငူကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန် ပုံငွေ ကောဒသမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက်က အဆိုပါကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာတာဝန်ခံ ဦးရဲနိုင်ဌေး အငယ်တန်းအင်ဂျင်နီယာ-၂က ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်ငူကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ်သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ဧက ၄၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံဧက ၄၇၅၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ လျာထား ၄၇၃၆ ဧကကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင် သီးနှံစုံဧက ၄၇၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး စားဖိုဆောင်သီးနှံများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ လျာထားဧက ၄၇၀၀ ကျော်ထိစိုက်ပျိုးမှာ ဖြစ်ပါတယ်။ လက်ရှိဧက ၄၇၅၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်အသီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံဧက ၄၇၅၀ စိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ တိုင်ထောင်ပဲစသည့် သီးနှံများကို စိုက်ပျိုးနေကြောင်း သိရသည်။

စားဖိုဆောင်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကွန်ဟိန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကွန်ဟိန်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိန်းဖျံကျေးရွာနှင့် ထမ်ငေါ့ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် ကွန်ဟိန်းမြို့နယ် ဦးစီးမှူး ဦးအောင်ကျော်ဟိန်းတို့သည် အဆိုပါကျေးရွာနှစ်ရွာ၌ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၁ ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးကို ငွေကျပ် ၃၆၁ သိန်းထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ကေထိ စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၁၉၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၁၂၀၁ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကန့်ဘလူမြို့နယ်တွင် ၆၀၉ ကေနှင့် ကျွန်းလှမြို့နယ်တွင် ၅၈၄ ကေ စုစုပေါင်း၁၁၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ လျှော်ဖြူ ၁၂၀၁ ကေစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၉၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်တယ်။ မြေအမျိုးအစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသသစ်တောပင်မျိုးလဲဖြစ်တယ်။ မိုးရေချိန်နည်းပါးတယ်။ ကျောက်ဆစ်ကုန်းလိုဒေသတွေမှာလဲ ဖြစ်ထွန်းတယ်။ အဲလိုဒေသတွေမှာ လျှော်ဖြူကို တိုးချဲ့စိုက်လို့ရပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြသည်။

ကန်ဘလူခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၆၁၇ ကေ၊ ကျွန်းလှမြို့နယ်တွင် ၅၈၄ ကေ စုစုပေါင်း ၁၂၀၁ ကေဖြစ်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# သူငယ်ချင်းများနှင့်

ချစ်နိုင်(စိတ်ပညာ)

**❖ကွဲကွာခဲ့သည်မှာ ကြာပြီဖြစ်၍ ငယ်ပေါင်းရောင်းရင်းသူငယ်ချင်းသုံးယောက် မမျှော်လင့်ဘဲ မိမိအိမ်သို့ရောက်လာခြင်းအတွက် ကြည်နူးဝမ်းသာဖြစ်ခဲ့ရပါ၏။ မိမိက အတွင်းစွဲကိုယ်ရည်ကိုယ်သွေးပုံစံ (Introvert Type Personality) အမျိုးအစားဖြစ်၍ နှုတ်နည်းသူ၊ စကားများများမပြောတတ်သူဖြစ်သော်လည်း သူများပြောကြားသည်ကိုတော့ စိတ်ဝင်တစားနားထောင်မှတ်သားလေ့ရှိခဲ့ပါသည်။ ရေးစရာဗဟုသုတများလည်းရတတ်သည်။ သူတို့ကလည်း တပ်မှာ တပ်ရင်းမှူးအဆင့်အထိ တာဝန်ထမ်းခဲ့ကြဖူးသူများဖြစ်၍ ခေါင်းဆောင်မှုအကြောင်းရင်း သူတို့က မေးလာသောအခါ မိမိကလည်း အဆက်မပြတ်လေ့လာစုဆောင်းပြီးရေးသားနေသဖြင့် ပြောပြစရာတွေရှိနေခဲ့ပါ၏။ ❖**

**နိဒါန်း**

တစ်ခုသော နံနက်ခင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၅ နှစ်ကျော်က သင်တန်းတစ်ခုကို ကိုးလကြာ အတူတကွတက်ခဲ့ဖူးကြသော သူငယ်ချင်းသုံးယောက် စုဆုံပြီး မိမိအိမ်သို့ရောက်လာကြသည်။ တစ်ယောက်က မန္တလေးမှ၊ တစ်ယောက်က နေပြည်တော်မှ၊ တစ်ယောက်က အောင်ပန်းမှ။ တစ်နေရာမှာဆုံ၍ မိမိအိမ်သို့ နံနက်ခင်း ၉ နာရီလောက်ရောက်ရှိလာခြင်းဖြစ်၏။ ဘာများကိစ္စအထူးရှိလို့လဲဟု မေးသောအခါ မတွေ့ရသည်မှာကြာပြီမို့ ကိုဗစ်ကူးစက်မြန်အဆုတ်နာကပ်ရောဂါဘေး၊ မန္တလေးငလျင်ကြီး လှုပ်ခတ်သွားပြီး အသက်ရှင်ကျန်နေသေးသဖြင့် တွေ့ချင်လို့ သက်သက်ပဲဟုဆိုကြ၏။

ဟုတ်တော့လည်း ဟုတ်ပါ၏။ တစ်ပတ်စဉ်ထဲဆင်းခဲ့ကြသော မိမိတို့အပေါင်းအသင်း ၁၇၀ ကျော်အနက် ယခုအခါ ထက်ဝက်လောက်က မရှိကြတော့ပြီ။ အသက်တွေက ကြီးလာပေပြီမို့ တဖြုတ်ဖြုတ်ကြွေနေကြသည်။ ကိုဗစ်ကပ်ရောဂါဖိစီးချိန်က မိသားစုလိုက် ကူးစက်ကွယ်လွန်သွားသည်များပင်ရှိခဲ့သည်။ ဇနီးသည် ယနေ့ကွယ်လွန်ပြီး နောက်တစ်နေ့ခင်ပွန်းဖြစ်သူပါ အနိစ္စရောက်ရှာပြန်သည်။ ထို့ကြောင့် ရောက်သည်နှင့် စိတ်ထဲပေါ်ရာရောက်တတ်ရာရာတွေ လေးယောက်သားခေါင်းချင်းဆိုင်၊ ထိုင်ရာမထ ပြောနေမိကြတာ ၁၂ နာရီထိုးသွား၏။

**စားသွားပါ**

"ဟ ထမင်းစားချိန်ရောက်ပြီကွ။ ရှိတဲ့ ထမင်း၊ ဟင်းနဲ့ပဲ စားသွားကြ"ဟု ပြောသော်လည်း ထမင်းစားဖို့ရည်ရွယ်ရင်းမရှိသဖြင့် မစားတော့ပါဘူး ပြန်မည်အတင်းလုပ်နေကြ၏။ အမှတ်တရ မိမိက ရှပ်အင်္ကျီလက်ရှည်တစ်ထည်စီ လက်ဆောင်ပေးလိုက်သည်။ ဒါကိုလည်း သူတို့က အားနာသဖြင့် မယူလိုပေ။ မိမိက ဘာမှ သူတို့ထက်ပိုပြီး မချမ်းသာတာလည်း သူတို့မြင်သည်။ လက်ဆောင်လာယူရလောက်အောင် သူတို့က ဆင်းရဲနေကြသူများလည်းမဟုတ်။

"ဘယ်ကိုသွားစရာရှိလဲ။ ဘာလုပ်ပေးရမလဲ"ဟု မေးသောအခါ ဘာအစီအစဉ်မှ မရှိဘူးဟုပြောသဖြင့် နေ့လယ်စာကို အိမ်မှာရှိသည့် ဟင်းနှင့်စားသွားပါဟု အတင်းခူးခပ်ကျွေးဖို့လုပ်နေစဉ် မိတ်ဆွေတစ်ဦးဆီက ကြက်သားဒံပေါက် ခြောက်ပွဲ၊ လိုက်ပွဲ နှစ်ပွဲ ကားနှင့် ဆိုက်ဆိုက်မြိုက်မြိုက်၊ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာ၍ အနေတော်ဖြစ်သွားလေ၏။

အိမ်မှာက ခရမ်းခေါင်းသီးနှပ်၊ ခရမ်းချဉ်သီးနှင့် ငရုတ်သီးစိမ်းချက်(ငါးပိချက်)၊ သခွားသီးတို့စရာနှင့် ကုလားပဲဟင်းရည်သောက်သာ လေးယောက်စာရှိသည်။ အေးဗျာ အဆင်ပြေသွားပုံများ နတ်သိကြားတွေ စီမံပေးလိုက်သလား အောက်မေ့ပြီး ဒံပေါက်အလှူရှင်ကို ကျေးဇူးအထူးတင်ရပါ၏။ ဇနီးသည်လည်း ပြုံးနိုင်သွား၏။

အငြိမ်းစားယူပြီးမှ မိတ်ဆွေသူငယ်ချင်းများနှင့်တွေ့ဆုံခြင်း၊ စားသောက်ခြင်းမရှိသလောက်နည်းပါးသွားခဲ့ပါသည်။ ရာထူးရာခံရှိစဉ်က နိုင်ငံတော်ပွဲများ၊ သံတမန်ပွဲများ လစဉ်လစဉ်မပြတ်မလပ်ရှိတတ်ခဲ့သော်လည်း တာဝန်ပြီးဆုံး၍ အငြိမ်းစားဘဝတွင် တက္ကသိုလ်ကျောင်းနေဖက် ငယ်ပေါင်းရောင်းရင်းများနှင့် တစ်လတစ်ကြိမ် အလှည့်ကျ လေး၊ ငါးဦးက စုပေါင်း၍ ညစာစားပွဲဒကာခံကြသော တွေ့ဆုံပွဲလေးများမှလွဲ၍ အပြင်မှာစားသောက်ခြင်းမရှိတော့ပေ။

**တွေ့ဆုံကြ**

စိတ်ပညာကျောင်းသားဟောင်းများ၏ တစ်လတစ်ကြိမ်တွေ့ဆုံပွဲလေးကတော့ လွန်ခဲ့သော နှစ်ပေါင်းအစိတ်လောက်မှ မကြာသေးခင်(ကိုဗစ်မဖြစ်ခင်အထိ)အချိန်ရောက်သည်ထိ မပြတ်သလောက်လုပ်ဖြစ်ခဲ့ကြ၏။ ဆရာကြီးဒေါက်တာကျော်စိန်၊ ဗိုလ်ကလေးတင့်အောင်၊ ဒါရိုက်တာကြည်စိုးထွန်း၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၊ ဗိုလ်မှူးကြီးဖေငြိမ်း(ငြိမ်း)၊ ဗိုလ်မှူးကြီးကျော်ဇံလှ(ငြိမ်း)၊ ဗိုလ်မှူးကြီးရင်မောင်စိန်(ငြိမ်း)၊ ဗိုလ်မှူးကြီးစောလွင်(ငြိမ်း) စသော စိတ်ပညာဘာသာရပ်ကို တက္ကသိုလ်တုန်းက သင်ခဲ့ဖူးကြသူများ၊ ခင်ရာမင်ရာများ အစိတ်သုံးဆယ်လောက် ညစာစားပွဲဆုံဖြစ်ကြပါ၏။ ပန်ဒါဟိုတယ်ပိုင်ရှင်ကိုစောဝေက ရန်ကုန်တက္ကသိုလ်စိတ်ပညာအသင်းမှာ ကျောင်းသားဘဝကပင် အတွင်းရေးမှူး သုံးနှစ်လောက်လုပ်ခဲ့ဖူးသဖြင့် လူချစ်လူခင်များခဲ့ပါ၏။ သူ့ကိုဗဟိုပြုလျက် လုပ်ငန်းရှင်များ၊ စီးပွားရေးသမားများ၊ တက္ကသိုလ်ကထိကအငြိမ်းစားများအပြင် စာရေးဆရာများ၊ စစ်သားဟောင်းများကလည်း ပြန်လည်ဆုံတွေ့ကြလေသည်။ စကားလက်ဆုံပြော၍ မကုန်၊ ပျော်ကြ၏။

ကွဲကွာခဲ့သည်မှာ ကြာပြီဖြစ်၍ ငယ်ပေါင်းရောင်းရင်းသူငယ်ချင်းသုံးယောက် မမျှော်လင့်ဘဲ မိမိအိမ်သို့ရောက်လာခြင်းအတွက် ကြည်နူးဝမ်းသာဖြစ်ခဲ့ရပါ၏။ မိမိက အတွင်းစွဲကိုယ်ရည်ကိုယ်သွေးပုံစံ (Introvert Type Personality) အမျိုးအစားဖြစ်၍ နှုတ်နည်းသူ၊ စကားများများမပြောတတ်သူဖြစ်သော်လည်း သူများပြောကြားသည်ကိုတော့ စိတ်ဝင်တစားနားထောင်မှတ်သားလေ့ရှိခဲ့ပါသည်။ ရေးစရာဗဟုသုတများလည်း ရတတ်သည်။

သူတို့ကလည်း တပ်မှာ တပ်ရင်းမှူးအဆင့်အထိ တာဝန်ထမ်းခဲ့ကြဖူးသူများဖြစ်၍ ခေါင်းဆောင်မှုအကြောင်းရင်း သူတို့က မေးလာသောအခါ မိမိကလည်း အဆက်မပြတ်လေ့လာစုဆောင်းပြီးရေးသားနေသဖြင့် ပြောပြစရာတွေရှိနေခဲ့ပါ၏။ မိမိကမေးလျှင် သူတို့ကဖြေကြ၏။

**ခေါင်းဆောင်မှုဆိုသည်ကား တိတိကျကျ အဓိပ္ပာယ်ဖွင့်ရလျှင် ဩဇာလွှမ်းမိုးနိုင်ခြင်း၊ ဩဇာသက်ရောက်ခြင်းပင်ဖြစ်၏။** စစ်ရေးနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ ဘယ်နေရာ၊ ဘယ်အချိန်မှာပဲဖြစ်စေ ဩဇာတိက္ကမရှိသူသည် သူ့နေရာ၊ သူ့နယ်ပယ်မှာတော့ ခေါင်းဆောင်ဖြစ်လေသည်။ ရာထူးအရ ကျောင်းအုပ်က ခေါင်းဆောင်ဟု ထင်ရသော်လည်း စာသင်ကောင်းပြီး အခြား ဆရာ၊ ဆရာမများက ပို၍လေးစားခြင်းခံရသူ ဆရာ သို့မဟုတ် ဆရာမက ဩဇာကြီးခြင်းလည်းရှိတတ်၏။ လုပ်ပိုင်ခွင့်နေရာနှင့်မဆိုင် ဩဇာလွှမ်းမိုးမှုနှင့်သာဆိုင်၏။

**ခေါင်းဆောင်မှု**

တပ်မှာတော့ ရာထူးတာဝန်အရ တပ်စုမှူးနေရာခန့်အပ်ခံရသော ဗိုလ်သည် စစ်မြေပြင်တိုက်ရည်ခိုက်ရည်နှင့် ရဲဘော်များအပေါ် ချစ်ခင်ရင်းနှီး၍ အပြန်အလှန်ယုံကြည်မှုရှိပါမှ ခေါင်းဆောင်မှု(ဩဇာအာဏာ) သက်ရောက်လာနိုင်၏။ မိမိ၏အဖွဲ့ဝင်ငယ်သားများနှင့် ထိတွေ့ဆက်ဆံမှုကောင်းရပေမည်။ မိမိမသိသူကို ခေါင်းဆောင်တင်၍ မရ။

၁။ ရင်းနှီးချစ်ခင်မှု

၂။ ယုံကြည်မှု

၃။ နာခံလိုမှု

ခေါင်းဆောင်က မဖြစ်မနေရည်မှန်းချက်သုံးချက်ကို အဆက်မပြတ်လုပ်ဆောင်နေရမည်ဟုဆိုပေသည်။ ဘာသာပြန်ပြပါမည်။ ဤတာဝန်တွေကျေရမည်။

၁။ Do the Right Things.

**အမှန်ကို ရွေးချယ်ဆုံးဖြတ်၊ လုပ်ဆောင်တတ်ရပါမည်။**

၂။ Do the Things Right.

**လုပ်ငန်းဆောင်တာကို သူ့နေရာနှင့်သူ အစီအစဉ်တကျစီမံကြီးကြပ်တတ်မြောက်ရပါမည်။**

၃။ Do the Training For Adaptation to Situation.

**အခြေအနေနှင့်လိုက်လျောညီထွေ အဆင်ပြေအောင်လေ့ကျင့်ပေးရမည်။**

တစ်နည်းအားဖြင့် ခေါင်းဆောင်၏ တာဝန်သုံးရပ်မှာ ဆုံးဖြတ်ချက်ပေးရသူ၊ စီမံကြီးကြပ်ရသူ၊ အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ပေးနေရသူဟု နားလည်ခံယူတတ်ရသည်။

**အတွေ့အကြုံ**

စာရေးသူက တပ်မတော်(ကြည်း) ခြေလျင်တပ်ရင်းတွင် ခုနစ်နှစ်၊ ခြေမြန်တပ်ရင်းတွင် ငါးနှစ်၊ စစ်ရေးတာဝန်ထမ်းဆောင်ခဲ့ရဖူးပြီး စစ်ဦးစီးတက္ကသိုလ်မှာ ငါးနှစ်၊ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ ခုနစ်နှစ်၊ ကကပြည်လက်အောက်ခံ မြဝတီစာပေတိုက်မှာ စာတည်းမှူးချုပ်နှင့်ထုတ်ဝေသူတာဝန်ခံအဖြစ် သုံးနှစ် စသည်ဖြင့်ဖြတ်သန်းခဲ့ရဖူးသည်။ သူတို့က ခြေလျင်၊ ခြေမြန်တပ်ရင်းများမှာ တိုက်ခိုက်ရေးတာဝန်အပြင် တစ်ယောက်က ထောက်ပံ့ပို့ဆောင်ရေးဘက်(ကကထောက်)။ တစ်ယောက်က စစ်သားစုဆောင်းရေးတပ်(ကကရေး) စသဖြင့် တပ်မတော်(ကြည်း)တွင် နှစ်ပေါင်း ၃၀ ဆောင်ရွက်ခဲ့ကြသော စစ်မှုထမ်းဟောင်းတွေဖြစ်လေသည်။ သက်ကြီးရွယ်အိုတွေဟု ဆိုနိုင်ပေသည်။

စစ်တပ်မှာ ပြဿနာကိုကိုင်တွယ်ဖြေရှင်းကြရာတွင် အခြေခံဆောင်ရွက်စဉ်သဘောရှိခြင်းကိုလည်း သူ့အမြင် ကိုယ့်အမြင်ပြောဖြစ်ကြ၏။ ပြဿနာတစ်ခုခုကို စဉ်းစားသုံးသပ်တွေးခေါ်ပုံမှာ အစီအစဉ်တစ်ရပ်ရှိသည်။ ဗြိတိသျှတပ်မတော်လက်အောက်က ရခဲ့သော ဦးစီးတာဝန်(Staff Duties in the Field) လက်စွဲမှ ဆင်းသက်လာခြင်းဖြစ်ပေသည်။

၁။ ရည်ရွယ်ချက် Destination(Only One)

၂။ အကျုံးဝင်သောအချက်များ Factors

၃။ ဖော်ထုတ်ချက် Deduction

၄။ နည်းလမ်း Means

၅။ စီမံချက် Plan

ဤအစီအစဉ်ကိုပင် ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်၊ အခြေအနေအားလုံးမှာ အသုံးပြုရသည်။ စနစ်ကျနသည်။

**လေ့ကျင့်ရေး**

စင်စစ်မူ စစ်တိုက်ခြင်းသည် ရန်သူနှင့်မိမိ၊ လူစုလူဝေးချင်းတိုက်ခိုက်ကြရခြင်းမဟုတ်လား။ ရေးကကဲ့သို့ ဆင်တပ်မြင်းတပ်အစား၊ အမြောက်တပ်၊ တင့်ကားတပ်၊ ဒရုန်းတပ်နှင့် လေကြောင်းပစ်ကူများဖြင့် စစ်ကစားကြရသည်။ အဓိကမှာ စစ်ပညာတတ်ကျွမ်းမှုနှင့် လှည့်စားမှု၊ ဖုံးကွယ်မှု၊ ပုံဖျက်မှု၊ အငိုက်ဖမ်းနိုင်မှု၊ သတင်းလုံခြုံမှု၊ သတင်းစုံအောင် စုဆောင်းအနက်ကောက်အကဲဖြတ်သုံးသပ်တတ်မှု စသော လူလူချင်း စစ်တုရင်ကစားသကဲ့သို့ ဉာဏ်ကစားကြရ၏။

အဓိကလိုအပ်ချက်မှာ မိမိလူတွေက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး တိုက်လို၊ ခိုက်လိုစိတ်ထက်သန်နေရမည်။ ရန်သူကို စိတ်ဓာတ်ပြိုကွဲကျဆင်းအောင် နည်းမျိုးစုံဖြင့်ဖိအားပေးတတ်ရမည်။ ဖန်တီးဆန်းသစ်တတ်ရသည်။

စစ်နည်းဗျူဟာကို ကောင်းစွာတတ်မြောက်ကျွမ်းကျင်သော စစ်သည်တော်ကောင်းများဖြစ်နေအောင် လေ့ကျင့်ထားတတ်ရမည်။ သစ်ပင်များများခုတ်လှဲနိုင်ဖို့ လွှကိုကောင်းစွာသွေးခဲ့ရမည်မဟုတ်လား။

**လုပ်ချင်ကိုင်ချင်စိတ်တက်ကြွသောဘက်၊**

**လုပ်တတ်ကိုင်တတ်ကျွမ်းကျင်သောဘက်၊**

**ဤနှစ်ချက်ကအဆုံးအဖြတ်ပေးတတ်၏။**

မိမိလူတွေ၏ အရည်အသွေးကို ရန်သူထက်မြင့်နေအောင်လေ့ကျင့်ရေးထိရောက်မှုက အရေးအကြီးဆုံး။ သင်တန်းဟူသမျှ ပေါ့ပေါ့တန်တန်ဖြစ်ကတတ်ဆန်းနှင့် တော်ရိလျော်ရိမလုပ်သင့်ချေ။

**နည်းပြအပိုင်း**

သင်ကြားနည်း ငါးမျိုးတွင် အထိရောက်ဆုံးနည်းလမ်းကို အချိန်အချိုးအစားအများဆုံးပေး၍ လေ့ကျင့်ရ၏။

| စဉ် | နည်းလမ်း | အချိန်ပေးမှုရာနှုန်း |
|---|---|---|
| ၁။ | ပို့=**ပို့ချခြင်း** | ၁၀ ရာခိုင်နှုန်း |
| ၂။ | ပြ=**သရုပ်ပြခြင်း** | ၂၀ ရာခိုင်နှုန်း |
| ၃။ | ဆွေး=**ဆွေးနွေးစေခြင်း** | ၃၀ ရာခိုင်နှုန်း |
| ၄။ | တွေ့=**လက်တွေ့လေ့ကျင့်မှု** | ၄၀ ရာခိုင်နှုန်း |
| ၅။ | စစ်မြေပြင်=စုစုပေါင်းအချိန် | = ၁၀၀။ |

လေ့ကျင့်ရေးအခြေခံဥပဒေသနှင့် နည်းနာအစဉ်သဘောကို နားမလည်(မသိ)သောသူအချို့က သင်တန်းခန်းမထဲမှာ ပို့ချခြင်းကို အချိန် ၄၀ ရာခိုင်နှုန်းပြုလုပ်နေပြီး အထိရောက်ဆုံးဖြစ်သော လေ့ကျင့်ရေးကွင်း သို့မဟုတ် မြေပြင်လှုပ်ရှားမှုအပိုင်းကိုကား ၁၀ ရာခိုင်နှုန်းသာ (အုပ်ချုပ်ထောက်ပံ့မှုအလုပ်များ သဖြင့်) ပေါ့ပေါ့ဆဆပြုလုပ်တတ်ကြ၏။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၀၅ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၆၅၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၄၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲတီစိမ်း ဧက ၂၆၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၄၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

ဘာမှမည်မည်ရရမတတ်သော အရာရှိလောင်း၊ ဆရာလောင်း၊ ရဲဘော်လောင်းတွေနှင့် စစ်ကိုနိုင်အောင်တိုက်ဖို့ဝေးလှ၏။

တတ်မြောက်ကျွမ်းကျင်အောင်လေ့ကျင့်ခြင်းအပိုင်းသည် လေ့ကျင့်မှုအမျိုးအစား သုံးဆင့်ပါဝင်ပေသည်။

၁။ K=Knowledge (**အကြားအမြင်သိရှိစေရန်**)

၂။ A=Attitude (**သဘောထားအမြင်ပြောင်းစေရန်**)

၃။ P=Psycho-motor Skill (**ကိုယ်-စိတ်ဆက်စပ်ဟန်ချက်ညီစွာ တတ်မြောက်ကျွမ်းကျင်သွားစေရန်**)

**အကျင့်ကောင်းမှ**

တကယ်တော့ လူလူချင်းအလေ့အကျင့်ပြောင်းလဲစေအောင် ထုသားပေသားရစ္စာ စစ်သားပီသရဲရင့်သည်အထိ လုပ်ဆောင်ရခြင်း လေ့ကျင့်ရေးတာဝန်သည် စစ်မြေပြင်တိုက်ခိုက်ရေးတာဝန်ကဲ့သို့ပင် အရေးကြီးလှပါ၏။ လေ့ကျင့်ရေးကို ဦးစားမပေးပါက အရည်အသွေးမပြည့်ဝသည့် ထုတ်ကုန်တွေသာ ထွက်လာပါလိမ့်မည်။ ဆန်မဟုတ်၊ ကြွက်ချေးများ။

**"လူ့ဘဝမှာ အကျင့်ကအရေးပါသည်။ အကျင့်က အကြီးအကျယ်စွဲစေ၊ ထုံစေသည့်အရာမျိုးဖြစ်သည်"**ဟု ဆင်မြူယယ်ဘက်ကက် (Sam-mual Beckett)(၁၉၀၆-၁၉၈၉)စာရေးဆရာက ဆိုခဲ့၏။

လူ၏မကောင်းသောအကျင့်အစား အကျင့်ကောင်းတွေရရှိလာအောင် ဘယ်လိုပြောင်းလဲအစားထိုးမလဲဆိုသော လုပ်ငန်းစဉ်ကြီးသည် ပေါ့သေးသေးမဟုတ်ချေ။ ကမ္ဘာကျော် အမေရိကန်ထိပ်တန်းစာရေးဆရာကြီး မတ်စ်တွိန်း(Mark Twain)(၁၈၃၅-၁၉၁၀)ပြောပြသည့်နည်းလမ်းသည် မှတ်သားဖွယ်ကောင်းပေသည်။

**"အကျင့်သည် အကျင့်ပင်ဖြစ်၏။ ပြတင်းပေါက်ကနေ အဝေးကိုလွှင့်ပစ်၍ မရချေ။ သို့တစေ ချော့မော့၍ လှေကားအဆင်းအတိုင်း တစ်ထစ်ချင်းဆင်းသွားအောင်တော့ လုပ်၍ရပါ၏။"**

**နိဂုံး**

မိမိ၏ ငယ်ပေါင်းရောင်းရင်းသူငယ်ချင်းများနှင့် ရယ်ရယ်မောမောစကားတွေဖောင်ဖွဲ့ကာ တစ်လှည့်စီပြောလိုက်ကြသည်မှာ နေစောင်းမှသူတို့ပြန်သွားကြလေတော့သည်။ မိမိမှာတော့ ရေးစရာတွေ ရလိုက်သည်။

## မြန်ပြည်တစ်ခွင် အလှဆင်

- မြစ်ရေစီးဆင်း မယွင်းပုံအသွင်
နှစ်တွေကြီးပြင်း ကောင်းခြင်းစုံအလင်
လူတိုင်းပျော်ရွှင် ရှိချင်ပါဘိ
မြန်တိုင်းတစ်ခွင် အလှဆင်
ရှုမြင်လှပရှိသည်နှင့်လေး။

- ကိုယ်စီအသိ ထားရှိကြရမည်
ပိုပြီများသတိ သိလှပသည်
ပေါင်းစုညီညီ စိတ်ကြည်ချမ်းမြ
ပြည့်ဝန်ကိုသာ ထမ်းဆောင်ပါ
ချိန်ခါမရွေးလှသည်နှင့်လေး။

- စိတ္တစွမ်းပြ ကာယကြံ့ခိုင်
ဒိဋ္ဌလန်းလှ ဉာဏမည့်နိုင်
အောင်မြင်ပန်းတိုင် စွဲကိုင်တက်လှမ်း
ချမ်းမြသာယာလူတိုင်းမှာ
ပညာအသိ လွှမ်းသည်နှင့်လေး။

- မွေးလှသည့်ပန်း စွဲလမ်းလျက်သာ
အေးမြရွှင်လန်း မြဲတမ်းလွန်သာယာ
တို့ပြည်မြန်မာ စည်သာဖို့တွေး
စစ်ရေးစစ်ရာ အောင်မြင်စွာ
ခိုင်မာတည်ဆောက် ပေးသည်နှင့်လေး။

- နိုင်ငံ့အရေး မြော်တွေးအဖုံဖုံ
ခိုင်ခံ့တည်ပေး နောင်ရေးအစုံစုံ
စဉ်မြဲလုံခြုံ ရှိန်ဟုန်မပျက်
စဉ်ဆက်မပြယ် ကြိုးစားမယ်
လူငယ်မျိုးဆက် ထက်သည်နှင့်လေး။

- ဆက်လက်၍သာ စီးဆင်းလာ
မြဲစွာရှိတော့သည်။ ။
- မျိုးဆက်များစွာ ပြည့်ဝန်တာ
ထမ်းကာသိကြအတည်။ ။

မန္တလာကိုကိုဝင်း

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဒွန်းနက်စ်ဒေသမှ ယူကရိန်းတပ်များဆုတ်ခွာပေးရန် အလက်စကာထိပ်သီးဆွေးနွေးပွဲ၌ သမ္မတပူတင် တောင်းဆို



**မော်စကို ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲတွင် ဒွန်းနက်စ်ဒေသမှ ယူကရိန်းတပ်များဆုတ်ခွာပေးရန် ရုရှားသမ္မတပူတင်က တောင်းဆိုခဲ့ကြောင်း ရုရှားမီဒီယာများက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင် တို့သည် အလက်စကာပြည်နယ် အယ်လ်မင်ဒေါ့ဖ် - ရစ်ချက်ဆန် လေတပ်စခန်း၌ ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးနှင့်ပတ်သက်၍ သုံးနာရီနီးပါးကြာဆွေးနွေးခဲ့ကြသည်။

ရုရှားမီဒီယာများ၏အဆိုအရ အဆိုပါ ထိပ်သီးညီလာခံတွင် ဒွန်းနက်စ်ဒေသမှ ယူကရိန်းတပ်များ ဆုတ်ခွာပေးရန် သမ္မတပူတင်ကတောင်းဆိုခဲ့ကြောင်းသိရသည်။

အလားတူ ဒွန်းနက်စ်ဒေသမှ ယူကရိန်းတပ်များ ဆုတ်ခွာပေးခဲ့ပါက ကျန်ရှေ့တန်းစစ်မြေပြင်များ၌ စစ်ဆင်ရေးများရပ်ပေးမည်ဖြစ်ကြောင်း သမ္မတပူတင်က အဆိုပြုခဲ့သည်။

ဒွန်းနက်စ်ဒေသမှ ယူကရိန်းတပ်များ ဆုတ်ခွာပေးပါက ခါဆန်ဒေသ၊ ဇာပိုရစ်ဇီယာဒေသများ၌ စစ်ဆင်ရေးများ ရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း အလက်စကာထိပ်သီးဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်က အဆိုပြုထားသည်။

ဩဂုတ် ၁၅ ရက် ထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်သမ္မတရာထူးကို ဒုတိယအကြိမ်အဖြစ် ဒေါ်နယ်ထရမ့် ရယူခဲ့ပြီးနောက်ကျင်းပခဲ့သည့် ပထမဆုံး ရုရှား-အမေရိကန် ထိပ်သီးဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ယူကရိန်းမောင်းသူမဲ့လေယာဉ် အစင်း ၃၀၀ ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များ ပစ်ချ

**မော်စကို ဩဂုတ် ၁၇**

ယူကရိန်းနိုင်ငံ၏ ဒွန်းနက်စ်ဒေသပဋိပက္ခများတွင် ရုရှားတပ်များက ယူကရိန်းမောင်းသူမဲ့လေယာဉ်အစင်း ၃၀၀ ကို ပစ်ချခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင်သတင်းထုတ်ပြန်ထားသည်။

အလားတူ ရုရှားတပ်များ အနေဖြင့် ယူကရိန်းတပ်များ၏ ဆက်ဆန်းအမျိုးအစား ဒုံးကျည်များ သိုလှောင်ထားသည့် နေရာများကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ဒွန်းနက်စ်ဒေသ၌ စစ်ဆင်ရေးများ တိုးချဲ့ပြုလုပ်နေကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များ အနေဖြင့် ဩဂုတ် ၁၆ ရက်တွင် ယူကရိန်းနိုင်ငံတစ်ဝန်းလုံးရှိ ဆက်ဆန်းဒုံးကျည်သိုလှောင်ရေး စခန်းများကို စစ်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ဒုံးကျည်များ သုံး၍ တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် ပဋိပက္ခများ အတွင်း ယူကရိန်းတပ်များ အသုံးပြုခဲ့သည့် ပဲ့ထိန်းဗုံးလေးလုံးနှင့် မောင်းသူမဲ့လေယာဉ် အစင်း ၃၀၀ ကိုလည်း ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ပစ်ချနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ယူကရိန်းတပ်များသည် ဒွန်းနက်စ်ဒေသ၏ ၃၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တောင်တက်ခရီးစဉ်များကို ကန့်သတ်မည်မဟုတ်ကြောင်း ပါကစ္စတန်နိုင်ငံပြောကြား

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၇**

မကြာသေးမီကာလများအတွင်း ပါကစ္စတန်မြောက်ပိုင်း၌ တောင်တက်သမားသေဆုံးမှုများဖြစ်ပွားခဲ့သော်လည်း တောင်တက်ခရီးစဉ်များကို ကန့်သတ်ရန် အစီအစဉ်မရှိကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ဩဂုတ် ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်တက်သမားများ အနေဖြင့် ၎င်းတို့ရင်ဆိုင်ရမည့် ဘေးအန္တရာယ်များကိုကောင်းစွာသိထားကြပြီးဖြစ်ရာ တောင်တက်ခရီးစဉ်များအတွင်း တောင်တက်သမားများသေဆုံးမှုများရှိနေသည့်တိုင် တောင်တက် ခရီးစဉ်များကို ကန့်သတ်မည် မဟုတ်ကြောင်း ဂီလ်ဂျစ်-ဘယ်လ်တစ္စတန် ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဂီလ်ဂျစ် - ဘယ်လ်တစ္စတန်ပြည်နယ်သည် ကမ္ဘာပေါ်၌ အမြင့်ဆုံးတောင်ထိပ်အချို့ တည်ရှိရာ နေရာဖြစ်သည်။

ဂီလ်ဂျစ် - ဘယ်လ်တစ္စတန်ပြည်နယ်၌တောင်တက်ရင်းသေဆုံးခဲ့ရသည့် နောက်ဆုံး တောင်တက်သမားမှာ တရုတ်အမျိုးသမီး တောင်တက်သမားတစ်ဦးဖြစ်သည်။

အသက် ၃၇ နှစ် အရွယ် ကွမ်ကျင်းအမည်ရှိ အဆိုပါတရုတ်အမျိုးသမီး တောင်တက်သမားသည် ကေ-၂အမည်ရှိတောင်ထိပ်ပေါ်သို့ တက်ရောက်ရန်ကြိုးပမ်းစဉ်ကျောက်တုံးများပြိုကျမှုကြောင့် ဩဂုတ် ၁၂ ရက်တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာမှ တောင်တက်သမား ရာပေါင်းများစွာတို့သည် ပါကစ္စတန် မြောက်ပိုင်းရှိ တောင်ထိပ်များကို နှစ်စဉ်တက်ရောက်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဝါရှင်တန်သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များစေလွှတ်ရန် ရီပတ်ဘလီကန် ထိန်းချုပ်ပြည်နယ်သုံးခု စီစဉ်

**နယူးယောက် ဩဂုတ် ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မေတ္တာရပ်ခံချက်အရ ရီပတ်ဘလီကန်ပါတီ ထိန်းချုပ်ပြည်နယ်သုံးပြည်နယ်တို့က ဝါရှင်တန်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဟု အမေရိကန်မီဒီယာများက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဝါရှင်တန်မြို့ကို ဒုစရိုက်သမားများစိုးမိုးနေကြောင်း ပြောကြားခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဝါရှင်တန်မြို့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၈၀၀ စေလွှတ်ထားသည်။

အလားတူ သမ္မတဒေါ်နယ်ထရမ့်၏အဆိုပါလုပ်ဆောင်ချက်ကို ကူညီသည့်အနေဖြင့် အနောက်ဗာဂျီးနီးယားပြည်နယ်က အမျိုးသားတပ်ဖွဲ့ဝင် ၃၀၀မှ ၄၀၀ ထိ ဝါရှင်တန်သို့ စေလွှတ်ရန် စီစဉ်ထားသည်။

အလားတူ တောင်ကာရိုလိုင်းနားပြည်နယ်က အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၂၀၀နှင့် အိုဟိုင်းယိုးပြည်နယ်က အမျိုးသားအစောင့်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀တို့ကို စေလွှတ်ဖြန့်ကြက်ပေးမည်ဖြစ်သည်။

အနောက်ဗာဂျီးနီးယား၊ တောင်ကာရိုလိုင်းနားနှင့် အိုဟိုင်းယိုးပြည်နယ်များသည် သမ္မတဒေါ်နယ်ထရမ့်၏ ရီပတ်ဘလီကန်ပါတီက ထိန်းချုပ်ထားသော ပြည်နယ်များဖြစ်ကြသည်။

လော့အိန်ဂျလိစ်မြို့၌ လူဝင်မှုပါဝါဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ချိန်ကလည်း သမ္မတဒေါ်နယ်ထရမ့်သည် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ဦးရေ ၄၀၀၀ ဖြန့်ကြက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘိုလီးဗီးယားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေး

**လာပက်ဇ် ဩဂုတ် ၁၇**

ဘိုလီးဗီးယားနိုင်ငံ၌ ယနေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာ မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးခဲ့ကြသည်။

နှစ်ပေါင်း ၄၀ အတွင်းပြင်းထန်ဆုံးငွေတန်ဖိုးဖောင်းပွမှုပြဿနာနှင့် ရင်ဆိုင်နေရချိန်တွင် ဘိုလီးဗီးယားနိုင်ငံက အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဘိုလီးဗီးယားအထွေထွေ ရွေးကောက်ပွဲ၌ သမ္မတရာထူးအတွက် ရေပန်းအစားဆုံး သမ္မတလောင်းများမှာ ကွန်ဆာဗေးတစ်ဝါဒီ သမ္မတလောင်း ဆမ်မြူရယ်ဒိုးရီးယားမက်ဒီနာနှင့် ဘိုလီးဗီးယားသမ္မတလောင်း ဂျော့တူတိုကွီရိုဂါတို့ဖြစ်ကြကြောင်း သိရသည်။

သို့ရာတွင် လူထုသဘောထားစစ်တမ်းကောက်ခံချက်ရလဒ်များအရ အဆိုပါသမ္မတလောင်းနှစ်ဦးစလုံးအနေဖြင့် ယနေ့ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၃၀ ရာခိုင်နှုန်းကျော်ထိ ရယူနိုင်ဖွယ်မရှိကြောင်း သိရသည်။



ယင်းအပြင် ယနေ့ရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ဆိုရှယ်လစ်လှုပ်ရှားမှုပါတီ အနေဖြင့် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ရှုံးနိမ့်နိုင်ကြောင်း သိရသည်။

ယနေ့အထွေထွေရွေးကောက်ပွဲတွင် သမ္မတရာထူးအတွက် မဲရလဒ်မပြတ်သားခဲ့ပါက လာမည့် အောက်တိုဘာ ၁၉ ရက်တွင် ဒုတိယအကျော့သမ္မတ ရွေးကောက်ပွဲကို ကျင်းပရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက Starship အာကာသဒုံးပျံကို ၁၀ ကြိမ်မြောက် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထား



**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ဩဂုတ် ၂၄ ရက်တွင် ၁၀ ကြိမ်မြောက် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၁၆ ရက်သတင်းများအရ သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship ဒုံးပျံကို ဆောက်သ် တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည် ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၄ ရက် မစ်ရှင်သည် Starship ဒုံးပျံများအတွက် ၂၀၂၅ ခုနှစ်၏ စတုတ္ထမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီက စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်သော Starship မစ်ရှင် ကိုးခုသည် အပြည့်အဝ အောင်မြင်မှုမရဘဲ တစ်စိတ်တစ်ပိုင်းသာ အောင်မြင်မှုရခဲ့သော မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

ယခုနှစ် မေ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် နဝမမြောက် Starship အာကာသဒုံးပျံ မစ်ရှင်တွင် လွှတ်တင်ပြီး ၄၅ မိနစ်အကြာတွင် ထိပ်ဖူးအဆင့် ဒုံးယာဉ် ပေါက်ကွဲခဲ့ရကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများကိုပို့ဆောင်ရန်Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Blue Origin ကုမ္ပဏီက New Glenn ဒုံးပျံသစ်ကို စက်တင်ဘာ ၂၉ ရက်တွင် လွှတ်တင်ရန်စီစဉ်

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Blue Origin ကုမ္ပဏီသည် New Glenn ဒုံးပျံသစ်ကို လာမည့် စက်တင်ဘာ ၂၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

New Glenn ဒုံးပျံဒုတိယ မြောက်မစ်ရှင်တွင် Blue Origin ကုမ္ပဏီသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE ဂြိုဟ်တုများကို လွှတ်တင်ပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် New Glenn ဒုံးပျံကို ဒုတိယအကြိမ်အဖြစ် လွှတ်တင်ရေးအတွက် နာဆာအဖွဲ့နှင့် ပူးပေါင်း၍ ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု Blue Origin ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Blue Origin ကုမ္ပဏီသည် နာဆာ၏ ESCAPADE မစ်ရှင် ဂြိုဟ်တုနှစ်စင်းကို ယခုနှစ် ဇန်နဝါရီလကပင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း အစီအစဉ်အထမြောက်ခဲ့ခြင်း မရှိပေ။

Blue Origin ကုမ္ပဏီသည် New Glenn ဒုံးပျံကို ယခုနှစ်အစပိုင်းတွင် ပထမဆုံးအကြိမ်စမ်းသပ်လွှတ်တင်ခဲ့ရာ Blue Ring အမည်ရှိ နည်းပညာစမ်းသပ်အာကာသယာဉ်တစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။



ESCAPADE မစ်ရှင်ဂြိုဟ်တုနှစ်စင်းသည် အင်္ဂါဂြိုဟ်ဝန်းကျင်ရှိ သံလိုက်စက်ကွင်းနယ်မြေကို လေ့လာမည်ဖြစ်ကြောင်းသိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ရုရှားအာကာသအေဂျင်စီက Bion-M2 အာကာသယာဉ်ကို ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထား

**မော်စကို ဩဂုတ် ၁၇**

ရုရှား အာကာသအေဂျင်စီသည် Bion-M2အမည်ရှိအာကာသယာဉ်ကို ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်ဟု ရုရှားမီဒီယာများက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



Bion-M2 အာကာသယာဉ်ကို ဆိုယုဇ်-၂.၁ ဘီ ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် ရုရှားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

Bion-M2 အာကာသယာဉ်သည် ကြွက် ၇၅ ကောင်း၊ ယင်ကောင် ၁၀၀၀ ကျော်၊ ဆဲလ်ဖွဲ့စည်းပုံများ၊ အဏုဇီဝပိုးမွှားများနှင့် သစ်ပင်မျိုးစိတ်များ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Bion-M2 အာကာသယာဉ်သည် အထက်ပါသက်ရှိတိရစ္ဆာန်များနှင့်အတူ ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ရက် ၃၀ ကြာ ပျံသန်းပြီးနောက် လေထီးများ အကူအညီဖြင့် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

Bion-M 2 မစ်ရှင်သည် ရုရှားသိပ္ပံ သုတေသနအဖွဲ့အစည်းများ ပူးပေါင်း၍ လွှတ်တင်မည့်မစ်ရှင် ဖြစ်ကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် ၂၀၁၃ ခုနှစ် ဧပြီလတွင် Bion-M 2 အာကာသယာဉ်ကို သက်ရှိ တိရစ္ဆာန်များနှင့်အတူ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ဂိမ်းကိုအချိန်ကြာမြင့်စွာ ဆော့ကစားသူကလေးများ စိတ်ကျန်းမာရေးပြဿနာများနှင့်ရင်ဆိုင်နေရ

**ပေကျင်း ဩဂုတ် ၁၇**

ဗီဒီယိုဂိမ်းကို အချိန်ကြာမြင့်စွာ ဆော့ကစားသူ ကလေးများ စိတ်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၁၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသမှ သုတေသန ပညာရှင်များသည် ကျောင်းနေအရွယ်ကလေးနှင့် ဆယ်ကျော်သက် ၂၅၀၀ ကျော်တို့ကိုလေ့လာခဲ့ကြရာ ၃၁ ရာခိုင်နှုန်းမှာ ဗီဒီယိုဂိမ်းလွန်ကဲစွာဆော့ကစားမှုကြောင့် စိတ်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ထိုနည်းတူ ဗီဒီယိုဂိမ်းကို အချိန်ကြာမြင့်စွာ မထတမ်း ဆော့သူများ၌ စိတ်ကျဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှု၊ စိတ်ဖိအားဝင်မှု၊ အထီးကျန်စိတ်ဝင်ရောက်မှုစသည့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗီဒီယိုဂိမ်းကို ငါးနာရီနှင့်အထက် မထတမ်း ဆော့ကစားသူများကို ဗီဒီယိုဂိမ်း အလွန်အကျွံကစားသူများအဖြစ် သုတေသန ပညာရှင်များက သတ်မှတ်ထားသည်။

ဗီဒီယိုဂိမ်းကို ကာလကြာမြင့်စွာ မထတမ်း ဆော့ကစားခြင်းကြောင့် ဂိမ်းစွဲမှုပြဿနာနှင့်စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ဂိမ်းစွဲမှုပြဿနာကို ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## သွေးအတွင်း စတက်ဖ်ရောဂါပိုးကူးစက်မှုအတွက် ကုထုံးသစ်တစ်မျိုး လက်တွေ့စမ်းသပ်နေ

**နယူးယောက် ဩဂုတ် ၁၇**

သွေးအတွင်း စတက်ဖ်ရောဂါပိုး ကူးစက်မှုအတွက် ကုထုံးသစ်တစ်မျိုးကို သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှု များ ပြုလုပ်နေကြောင်း ဩဂုတ် ၁၆ ရက်သတင်းများအရ သိရသည်။

စတက်ဖ်ရောဂါပိုး သွေးအတွင်း ကူးစက်ဝင်ရောက်မှု Dalbavancin ခေါ် ပဋိဇီဝအကြောဆေးတစ်မျိုးကို ခုနစ်ရက်တစ်ကြိမ်၊ နှစ်ကြိမ်ထိုးနှံခြင်းဖြင့် ကုသနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

စတက်ဖ်ရောဂါသည် သွေးလည်ပတ်မှုစနစ်အတွင်းသို့ Staphylococcus Aureus ခေါ်ဗက်တီးရီးယားပိုးတစ်မျိုး ဝင်ရောက်ချိန်တွင် ဖြစ်ပွားတတ်သည်။

အဆိုပါ ဗက်တီးရီးယား ပဋိဇီဝဆေးများကို တဖြည်းဖြည်း ယဉ်ပါးလာသည်ဖြစ်ရာ စတက်ဖ်ရောဂါအတွက် အသုံးပြုနိုင်သည့် ဆေးမှာ အနည်းငယ်မျှသာရှိတော့ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Dalbavancin ထိုးဆေးသည် စတက်ဖ်ရောဂါအတွက် ကုထုံးသစ်တစ်မျိုး ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Dalbavancin ဆေးကို စတက်ဖ်လူနာ ၂၀၀ ကျော်တို့ဖြင့် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

# တိုက်စစ်မှူး အုတ်တာရာကို ဘရန့်ဖို့ဒ်အသင်း စတာလင်ပေါင် ၄၂ သန်းဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၇**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းမှထွက်ခွာသွားသည့် အမ်ဘူမိုနေရာတွင် အစားထိုးရန်အတွက် ဘုန်းမောက်အသင်းမှ တိုက်စစ်မှူး အုတ်တာရာကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

ဘရန့်ဖို့ဒ် အသင်းသည် တိုက်စစ်မှူး အုတ်တာရာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၂ သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီးနောက် လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အုတ်တာရာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘုန်းမောက်အသင်းအတွက် အမှတ်ပေးပြိုင်ပွဲ ၃၂ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သမိုင်းတစ်လျှောက် ရလဒ်အကောင်းဆုံးရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သူဖြစ်သည်။

ဘရန့်ဖို့ဒ် အသင်းသည် ပြီးခဲ့သည့်လအတွင်းက အသင်းမှ နည်းပြဖရန့်ကို စပါးအသင်းသို့ ပြောင်းရွှေ့ခွင့် ပြုခဲ့ရသည့်အပြင် ဂိုးသမား ဖလက်ကန်ကို လေဗာကူဆင်အသင်း၊ အသင်းခေါင်းဆောင် နော်ဂတ်ကို အာဆင်နယ်အသင်း၊ တိုက်စစ်မှူး အမ်ဘူမိုကို မန်ယူအသင်းသို့ ပြောင်းရွှေ့ခွင့်ပြု ခဲ့ရပြီးနောက် လက်ရှိတွင်လည်း တိုက်စစ်မှူး ဝစ်ဆာကို နယူးကာဆယ်အသင်းသို့ လက်လွှတ်ရရန် နီးစပ်နေခြင်းဖြစ်သည်။

ထို့ကြောင့် အသင်းနည်းပြသစ် အန်ဒရူးက တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းနိုင်ရန်အတွက် ပရီးမီးယားလိဂ် အတွေ့အကြုံရှိသည့် ဘုန်းမောက်အသင်းမှ တိုက်စစ်မှူး အုတ်တာရာကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကလပ်အသင်းစံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



# ဂျာမန်စူပါဖလားပြိုင်ပွဲတွင် စတုဂတ်ကိုနှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ယူပြီး ဘိုင်ယန်မြူးနစ်အသင်း ချန်ပီယံဆုရရှိ




**ဘာလင် ဩဂုတ် ၁၇**

ဂျာမန်စူပါဖလားပြိုင်ပွဲအဖြစ် ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် ပိုကယ်ဖလားချန်ပီယံ စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့သည်။

စတုဂတ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစကတည်းက တိုက်စစ်မြှင့်ဖိအားပေးနိုင်ခဲ့သော်လည်း စတုဂတ်အသင်း၏ ခံစစ်ပိုင်းကောင်းမွန်မှုကြောင့် ဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပွဲကစားချိန် ၁၈ မိနစ်အရောက်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဒုတိယပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ကစားပုံကျဆင်းသွားခြင်းမရှိဘဲ စတုဂတ်အသင်းကလည်း ဂိုးရရှိရေးတိုက်စစ်ကစားအားမြှင့်တင်လာခဲ့ရာ ပွဲကစားချိန် ၇၇ မိနစ်တွင် လူးဝစ်ဒီယက်ဇ်က ဂနာဘရီ၏ဖန်တီးမှုမှ ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ပိုင်းအပြောင်းအလဲပြုလုပ်၍ အနိုင်ရလဒ်ကို ထိန်းချုပ်ကစားနိုင်ခဲ့ရာ စတုဂတ်အသင်း တိုက်စစ်ဆင်မှုပိုမိုပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၉၀ တွင် ချေပဂိုးရရှိခဲ့သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆုဖလားရယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင်အသင်းအတွက် လက်စွမ်းပြကစားခဲ့သည့် ဂိုးသမားနူအာအနေဖြင့် အသင်းနှင့်အတူ စူပါဖလားရှစ်ကြိမ်ထိ ရယူနိုင်ခဲ့ပြီးနောက် အသင်းဖော်ဟောင်း သောမတ်မူလာ ရရှိထားသည့် စူပါဖလားရှစ်ကြိမ်ထိ ရရှိထားသည့်စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# ချန်ပီယံရှစ်ပြိုင်ပွဲတွင် အသက်ငယ်ဆုံးဂိုးသွင်းနိုင်ခဲ့သည့်ဘယ်လင်ဟမ်၏စံချိန်ကို မွန်ဂါကျော်ဖြတ်

**လန်ဒန် ဩဂုတ် ၁၇**

ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ပရက်စတန်အသင်းနှင့် လက်စတာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် လက်စတာအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး မွန်ဂါသည် ဘယ်လင်ဟမ်၏ အသက်ငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် စံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံရှစ်သမိုင်းတစ်လျှောက်တွင် ဘယ်လင်ဟမ်သည် ၂၀၁၉ ခုနှစ်က ဘာမင်ဂမ်အသင်းတွင် ကစားခဲ့စဉ်က စတုတ်အသင်းနှင့် ပွဲစဉ်၌ အသင်းအတွက်ဂိုးသွင်းယူချိန်တွင် အသက် ၁၆ နှစ် ၆၃ ရက်သာ ရှိသေးသည့်အတွက် အသက်ငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ လက်စတာအသင်း လူငယ်တိုက်စစ်မှူး မွန်ဂါက အသက် ၁၆ နှစ် ၃၇ ရက်ဖြင့် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဘယ်လင်ဟမ်၏ စံချိန်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မွန်ဂါသည် အရန်ကစားသမားစာရင်းတွင်သာ ပါဝင်ခဲ့ရပြီး ပထမပိုင်းပွဲအစ ခုနစ်မိနစ်တွင် ပရက်စတန်အသင်းက ဦးဆောင်ဂိုးသွင်းယူ၍ ပထမပိုင်းကိုနိုင်ပွဲရခဲ့သော်လည်း ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်တွင် မွန်ဂါအနေဖြင့် လူစားဝင်ရောက်ခဲ့ကာ ပွဲကစားချိန် ၆၇ မိနစ်အရောက်တွင် ဖေးရက်စ်၏ ဖန်တီးပေးမှုမှ ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် စံချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ခဲ့ရပြီး ယင်းပွဲစဉ်တွင် ပရက်စတန်အသင်းက ပွဲချိန် ၈၅ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူ၍ နှစ်ဂိုးတစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# Commonwealth ဟဲဗီးဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲတွင် အင်္ဂလန်လက်ဝှေ့သမားမော့ဆက် ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိ

**ရီယာ့ဒ် ဩဂုတ် ၁၇**

WBA International နှင့် WBO Inter-Continentalဟဲဗီးဝိတ်တန်း ချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား မော့ဆက်သည် Commonwealth ဟဲဗီးဝိတ်တန်း ချန်ပီယံအတွက် တစ်နိုင်ငံတည်းသား လက်ဝှေ့သမား တစ်ဦးပင်ဖြစ်သည့် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံဟောင်း ဒီလီယန်ဝှိုက်နှင့် ဩဂုတ် ၁၆ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ထိုးသတ်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန် လက်ဝှေ့သမားနှစ်ဦး၏ စိန်ခေါ်ပွဲသည် အကြိတ်အနယ်ရှိလာနိုင်ကြောင်းသုံးသပ်ချက်များ ထွက်ပေါ်ခဲ့သော်လည်း မော့ဆက်သည် ပထမအချီ ၁ မိနစ် ၅၉ စက္ကန့်တွင် ဒီလီယန်ဝှိုက်အားဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ပြနိုင်ခဲ့သည်။

အသက် ၂၀ အရွယ်သာရှိသေးသည့် မော့ဆက်အနေဖြင့် ကမ္ဘာ့ချန်ပီယံများအား စိန်ခေါ်ထိုးသတ်နိုင်ပြီဖြစ်ကြောင်း ပြသခဲ့သည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်သလို ပြိုင်ဘက်ကင်းနေသည့် ကမ္ဘာ့ချန်ပီယံ အူဆက်ခ်ကို စိန်ခေါ်ထိုးသတ်နိုင်စွမ်းရှိကြောင်းလည်း ပြသခဲ့သည်။

မော့ဆက်သည် စိန်ခေါ်ပွဲပေါင်း ၁၃ ပွဲသာ ထိုးသတ်ရသေးသည့် လက်ဝှေ့သမား တစ်ဦးဖြစ်သော်လည်း ချန်ပီယံခါးပတ်နှစ်ခုကို ပိုင်ဆိုင်ထားပြီဖြစ်သလို ရှုံးပွဲမရှိ စံချိန်ကိုလည်း ရရှိထားသူဖြစ်သည်။

စိန်ခေါ်ပွဲပေါင်း ၃၅ ပွဲထိ ထိုးသတ်ခဲ့ကာ ကမ္ဘာ့ချန်ပီယံပင်ဖြစ်ခဲ့ဖူးသည့် အသက် ၃၇ နှစ်အရွယ် ဒီလီယန်ဝှိုက်ကိုပြတ်ပြတ်သားသားပင် အနိုင်ယူလိုက်သည့်အတွက် အင်္ဂလန်လက်ဝှေ့လောကအတွက်ပင် ထူးခြားသည့်ပွဲစဉ်တစ်ပွဲအဖြစ် သတ်မှတ်ခံခဲ့ရသည်။



မော့ဆက်က "ဒီလိုရလဒ်မျိုးနဲ့ အနိုင်ရဖို့အတွက် ရက်သတ္တ ၁၂ ပတ် ၁၃ ပတ်လောက်ထိ အပြင်းအထန် လေ့ကျင့်ခဲ့ရတယ်။ ဒီလိုရလဒ်နဲ့ အနိုင်ယူပြနိုင်အောင်လဲ ရည်ရွယ်ပြီး လေ့ကျင့်ခန်းပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ဟာ လေ့ကျင့်ရေးကို လုပ်ဆောင်နေတဲ့နေရာမှာ ထိုးသတ်သွားမဲ့ ပြိုင်ဘက်ပေါ်မူတည်ပြီး Game Plan သေချာချပြီးလေ့ကျင့်တယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းက ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ဝုဗ်အသင်းကို လေးဂိုးဂိုးမရှိဖြင့် နိုင်ပွဲရခဲ့ပြီးနောက် ယခုအပြောင်းအရွှေ့ကာလတွင်အသင်းမှ ကစားသမားအများအပြားကို ထပ်မံရောင်းချသွားမည်ဟု နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။
- နော်တင်ဟမ်အသင်းက အသင်းတိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အစ်ဗုစ်အသင်းတိုက်စစ်မှူး ဟက်ချင်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၇ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- အတ္တလန်တာအသင်းက အင်တာမီလန်အသင်းကွင်းလယ်ကစားသမား ဇာလောစကီးကို ပြောင်းရွှေ့ကြေးယူရို ၁၇ သန်းဖြင့် ခေါ်ယူခဲ့သည့်အတွက် အင်တာမီလန်အသင်းက ကစားသမားကို ခေါ်ယူစဉ်က ယူရို ၆ ဒသမ ၅ သန်းသာ ပေးချေရသဖြင့် အကျိုးအမြတ်ရရှိခဲ့ကြောင်း သိရသည်။
- တိုက်စစ်မှူး လီဝင်ဒေါစကီးသည် အသင်းနှင့်လေ့ကျင့်ခန်းပြန်ဆင်းနေသော်လည်း လာမည့်ပွဲစဉ်များတွင် လူစားဝင်ကစားသမားအဖြစ်ပါဝင်နိုင်ပြီး ကြံ့ခိုင်မှုပြည့်ဝရန် ရက်သတ္တသုံးပတ်ခန့် စောင့်ကြည့်ရဖွယ်ရှိသည်ဟု အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ML

# Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားမည်





**အိုဟိုင်းယိုး ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်၌ နိုင်ပွဲကိုယ်စီရရှိခဲ့သည့် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဗိုလ်လုပွဲအဆင့်တွင် ကမ္ဘာ့အဆင့်(၂) နေရာ၌ ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားနေသလို ကမ္ဘာ့အဆင့်(၁) နေရာအတွက် ဖိအားပေးနေသည့် အယ်ကာရက်ဇ်ကို အနိုင်ကစားနိုင်ရန် ပစ်မှတ်ထားနေသည်။

လက်ရှိ တင်းနစ်လောက၏ အကောင်းဆုံး ကစားသမားနှစ်ဦးအဖြစ် သတ်မှတ်ခံထားရသည့် ဂျန်နစ်ခ်ဆင်နာနှင့် အယ်ကာရက်ဇ်တို့သည် ယခုနှစ်အတွင်း မကြာခဏ တွေ့ဆုံယှဉ်ပြိုင်ခဲ့ရပြီး အပြန်အလှန် အသာစီးရယူနိုင်ခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁)နေရာအတွက် ကြိုးစားနေသည့် ကစားသမားနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည့်အတွက် ယခုနှစ် Cincinnati Open တင်းနစ်ပြိုင်ပွဲသည် ယခင်နှစ်များကထက် ထူးခြားသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်၌ ပြင်သစ်တင်းနစ်ကစားသမားအက်မာနီကို (၇-၆၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အယ်ကာရက်ဇ်ကဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဗ်အား (၆-၄၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "တစ်ခါမှ မကစားဖူးသေးတဲ့ ပြိုင်ဘက်နဲ့ ကစားရတာဟာ တော်တော်လေးကို ကစားရခက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗိုလ်လုပွဲအဆင့်ကိုထိုက်ထိုက်တန်တန် တက်ရောက်လာနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# BMW Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်အင်တိုင်ရီ ဆက်လက်ဦးဆောင်

**မယ်ရီလန်း ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင် ကျင်းပနေသည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် စကော့တလန် ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ချက်လျော့ရိုက်ကာအမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဗက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကိုဦးဆောင်နေသူနှင့် ဒုတိယနေရာ၊ တတိယနေရာရပ်တည်မှုတို့မှာ ဒုတိယနေ့အတိုင်းပင် ပြောင်းလဲခြင်းမရှိဘဲ အကြိတ်အနယ်ဖြစ်နေသည့် အခြေအနေဖြစ်သည်။

မက်အင်တိုင်ရီသည် တတိယနေ့တွင် ပထမနေ့နှင့် ဒုတိယနေ့တို့၌ စွမ်းဆောင်နိုင်ခဲ့သည့်အတိုင်း စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိသော်လည်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ စုစုပေါင်းသတ်မှတ်ရိုက်ချက် သာလွန်နေဆဲဖြစ်သောကြောင့် အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ချဲလ်ဆီးအသင်းက ဂျက်ဆင်အတွက် ပြောင်းရွှေ့ကြေးကို လျှော့ချခဲ့ပြီး အေဗီလာအသင်းနှင့် အပြောင်းအရွှေ့သတင်းထွက်ပေါ်

**လန်ဒန် ဩဂုတ် ၁၇**

ချဲလ်ဆီးအသင်းက လက်ရှိအပြောင်းအရွှေ့ ကာလတွင် အရောင်းစာရင်း တင်ထားသည့် တိုက်စစ်ကစားသမား ဂျက်ဆင်အတွက် ပြောင်းရွှေ့ကြေးကို လျှော့ချခဲ့ပြီးနောက် အေဗီလာအသင်းနှင့် အပြောင်းအရွှေ့ သတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။

ဂျက်ဆင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြမာရက်စ်ကာလက်အောက်တွင် အဓိက ကစားသမား တစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ရာသီနှောင်းပိုင်းတွင် ခြေစွမ်း ကျဆင်းမှုများနှင့်အတူ စည်းကမ်းပိုင်း အားနည်းမှုများကြောင့် နည်းပြမာရက်စ်ကာ၏ ဦးစားပေးစာရင်းမှ ဖယ်ရှားခံခဲ့ရပြီးနောက် လက်ရှိအပြောင်းအရွှေ့ ကာလတွင် ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

အစောပိုင်းက ဂျက်ဆင်အနေဖြင့် မန်ယူအသင်းနှင့် သတင်းများ ထွက်ပေါ်နေခဲ့သော်လည်း နောက်ပိုင်းတွင် မန်ယူအသင်းက ဆက်ကိုအား ခေါ်ယူခဲ့ပြီးနောက် ဂျက်ဆင်နှင့် အပြောင်းအရွှေ့သတင်းများ အဆုံးသတ်ခဲ့ပြီး ၎င်းကို ဆော်ဒီကလပ်အသင်းများက ခေါ်ယူလိုသော်လည်း ဂျက်ဆင်ကိုယ်တိုင်က ပရီးမီးယားလိဂ်တွင်သာ ဆက်လက် ကစားလိုနေသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းသည် အသင်း တိုက်စစ်ပိုင်း၌ အငှားခေါ်ယူထားသည့် ရက်ရှ်ဖို့ဒ်ကို လက်လွှတ်ခဲ့သကဲ့သို့ တိုက်စစ်ကစားသမားဖြစ်သည့် ရော်ဂျာကိုလည်း လက်လွှတ်ရရန် နီးစပ်နေသည့်အတွက် ဂျက်ဆင်နှင့် ပြန်လည်အစားထိုးလိုနေခြင်းဖြစ်သည်။

အစောပိုင်းက ချဲလ်ဆီးအသင်းသည် ဂျက်ဆင်အတွက် ပြောင်းရွှေ့ကြေးကို မန်ယူအသင်းနှင့် သတင်းများထွက်ပေါ်စဉ်က စတာလင်ပေါင်သန်း ၈၀ ထိ သတ်မှတ်ထားသော်လည်း ယခုအခါ စတာလင်ပေါင်သန်း ၆၀ ထိ လျှော့ချခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# တိုက်စစ်မှူး အစ်ဆက်ခ်အနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့နိုင်ရန် နီးစပ်

**လန်ဒန် ဩဂုတ် ၁၇**

နယူးကာဆယ် အသင်းက အသင်းမှ တိုက်စစ်ကစားသမား အစ်ဆက်ခ်နှင့် တင်းမာမှုများကို လျှော့ချခဲ့ပြီးနောက် လီဗာပူးအသင်းနှင့် အပြောင်းအရွှေ့ဖြစ်မြောက်နိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

အစ်ဆက်ခ်သည် လက်ရှိအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် ကြိုးပမ်းနေပြီး လီဗာပူးအသင်းကလည်း မြင့်မားသည့်စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရိုသန်း ၁၂၀ ထိပေးချေကာ ကမ်းလှမ်းခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့ခြင်းဖြစ်သည်။

အစ်ဆက်ခ်နှင့် လီဗာပူးအသင်းတို့ကြား အစောပိုင်းကတည်းက သဘောတူညီမှု ရရှိထားသော်လည်း နယူးကာဆယ်အသင်းက ပယ်ချခဲ့သည့်အတွက် အစ်ဆက်ခ်ကိုယ်တိုင်က အသင်းနှင့်မပူးပေါင်းဘဲ အသင်းဟောင်း ဆိုစီဒက်အသင်းနှင့် တစ်ဦးတည်းလေ့ကျင့်ခန်းလုပ်ဆောင်မှုများ ပြုလုပ်သည်ထိ အခြေအနေများတင်းမာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဖရန့်ဖက်အသင်းမှ အီတီကီတီကို စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူထားသော်လည်း အစ်ဆက်ခ်အား ခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အစ်ဆက်ခ်က အသင်းနှင့် ပြန်လည်ပူးပေါင်းနေသော်လည်း လီဗာပူးအသင်းသို့သာ ပြောင်းရွှေ့လိုနေသည့် အတွက် နယူးကာဆယ်အသင်းက ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ကစားသမားအနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့နိုင်ရန် နီးစပ်လာခဲ့ပြီး နယူးကာဆယ်အသင်း တာဝန်ရှိသူများက ၎င်း၏နေရာတွင် ဘီအက်စ်ဂျီအသင်းမှ ဂွန်ကာလိုရာမို့စ်နှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# တူကီယဲထိပ်တန်းကလပ်အသင်း သုံးသင်းက အန်တိုနီကိုခေါ်ယူရန် အပြိုင်ကြိုးပမ်း

**အစ္စတန်ဘူလ် ဩဂုတ် ၁၇**

တူကီယဲစူပါလိဂ် ထိပ်တန်းကလပ်အသင်း သုံးသင်းဖြစ်သည့် ဂါလာတာစာရေးအသင်း၊ ဖီနာဘာချီအသင်းနှင့် ဘက်ဆစ်တက်အသင်းတို့က အန်တိုနီကိုခေါ်ယူရန်အတွက် အပြိုင်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

ဖီနာဘာချီအသင်း နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံဆုလက်လွှတ်ခဲ့ရသည့်အတွက် လာမည့်ဘောလုံးရာသီတွင် တူကီယဲစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် ကြိုးပမ်းနေသောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားပိုင်း ဖြည့်တင်းနေသည့်အတွက် အန်တိုနီကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။



အလားတူ ဂါလာတာစာရေးအသင်းကလည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုကာကွယ်နိုင်ရန်အတွက် နာပိုလီအသင်းမှ အငှားခေါ်ယူထားသည့် အိုစီမန်ကို အပြီးသတ် ခေါ်ယူခဲ့ပြီးနောက် အန်တိုနီကို ထပ်မံခေါ်ယူရန် ကြိုးပမ်းနေသကဲ့သို့ ဘက်ဆစ်တက်အသင်းကလည်း ဂါလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့ကို ယှဉ်ပြိုင်နိုင်ရန်အတွက် အန်တိုနီကို အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။


အန်တိုနီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘက်တစ်အသင်းထံ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းက ရောင်းချရန်အတွက်သာ ဆုံးဖြတ်ထားပြီး ဘက်တစ်အသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယခုအခါ တူကီယဲထိပ်တန်း ကလပ်အသင်း သုံးသင်းကပါခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အိမ်တွင်းလေထုညစ်ညမ်းမှုအကြောင်းသိကောင်းစရာ

ပေါက်ပေါက်



### အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ

အိမ်တွင်းလေထုညစ်ညမ်းခြင်းကို ဖြစ်ပေါ်စေတတ်သောအဓိကအကြောင်းရင်းများမှာ အိမ်တွင်းလေဝင်လေထွက်စနစ် ညံ့ဖျင်းခြင်း၊ အခန်းအတွင်း ထင်း၊ မီးသွေး၊ လောင်စာတောင့်တို့ကို လောင်စာအဖြစ် အသုံးပြုခြင်း၊ အခန်းအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင် ထွန်းညှိအသုံးပြုခြင်း၊ အိမ်အတွင်း ဆေးလိပ်သောက်ခြင်း၊ တိုက်ခန်းများအတွင်း ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးမီးစက်များကို ကြာရှည်စွာ မောင်းနှင်အသုံးပြုခြင်းတို့ကြောင့်ဖြစ်သည်။

### မီးခိုးမွှန်ခြင်းနှင့် အသက်ဘေးအန္တရာယ်

တိုက်ခန်းများတွင် နေထိုင်သူအချို့သည် မီးစက်မောင်းပြီး လေအေးပေးစက်ဖွင့်အိပ်ခြင်း၊ အလုံပိတ်အခန်းအတွင်း ချက်ပြုတ်ခြင်းတို့ကြောင့် မီးခိုးမွှန်ပြီး သေဆုံးမှုဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ မီးခိုးမွှန်ခြင်းသည် ပြည်သူလူထုအကြား မကြာခဏတွေ့မြင်ရလေ့ရှိသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ သာမန်အားဖြင့် အိမ်တွင်းရှိမီးဖိုများမှ ထွက်ရှိလာသောမီးခိုးငွေ့၊ ခြံဝန်းအတွင်းရှိ အမှိုက်ပုံများကိုမီးရှို့ရာမှ ထွက်ပေါ်လာသည့်မီးခိုးငွေ့၊ အိမ်တွင်း၌ ခြင်ဆေးခွေထွန်းညှိခြင်း၊ ဆေးလိပ်သောက်ခြင်းတို့ကြောင့် အခိုးအငွေ့မွှန်ခြင်းတို့သည် လတ်တလောတွင် ကျန်းမာရေးအတွက်အန္တရာယ် နည်းပါးသော်လည်းရေရှည်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်သည်။

မီးလောင်ရာမှ ထွက်ပေါ်လာသောမီးခိုးများ၊ လေဝင်လေထွက်မရှိသည့် အခန်းတွင်းသို့ ရောက်ရှိလာသည့် အခိုးအငွေ့များသည် အချိန်တိုအတွင်း အသက်အန္တရာယ်ရှိစေနိုင်သည့် အခိုးအငွေ့များဖြစ်သည်။ ထို့ကြောင့် မီးလောင်မှုဖြစ်စဉ်များ၌ သေဆုံးရသူအများစုသည် မီးလောင်ရာမှ ထွက်ပေါ်လာသော အပူအမှုန်များနှင့် အခိုးအငွေ့များကို ရှူရှိုက်မိရာမှ ဖြစ်ပွားခြင်းဖြစ်သည်။ မီးသည် မတူညီသော လောင်ကျွမ်းသည့်အရာ၊ အပူချိန်နှင့်ရရှိနိုင်သော အောက်ဆီဂျင်ပမာဏတို့အပေါ်မူတည်၍ အန္တရာယ်ရှိသောမီးခိုးမွှန်မှုကို ဖြစ်ပေါ်စေနိုင်သည်။

မီးခိုးငွေ့များသည် လူ့ခန္ဓာကိုယ်၏လေပြွန်အထက်ပိုင်းကို အပူလောင်စေခြင်း၊ ဓာတုလှုံ့ဆော်မှုများဖြစ်ပေါ်ခြင်း၊ အသက်ရှူ၍မရခြင်း၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့အဆိပ်သင့်ခြင်း စသည့် အသက်အန္တရာယ်ရှိသည့် အခြေအနေတစ်ရပ်ဖြင့် ကြုံတွေ့ရနိုင်သည်။ ထို့ကြောင့် ဆေးရုံမီးလောင်မှု၊ ဘိုးဘွားရိပ်သာ မီးလောင်မှုဖြစ်စဉ်များ၌ အသက်ဆုံးရှုံးရသူအရေအတွက် မြင့်တက်ရခြင်းမှာ မီးလောင်ချိန်၌ ထွက်မပြေးနိုင်သဖြင့် မီးခိုးငွေ့မွှန်ခြင်းကြောင့်ဖြစ်သည်။

၂၀၂၂ ခုနှစ်ဆန်းက အိန္ဒိယနိုင်ငံရှိ ဘန်ဒါရာမြို့ အစိုးရဆေးရုံမီးလောင်မှုတွင် ကလေး ၁၀ ဦးထိ သေဆုံးခဲ့ရသည်။ ထို့အတူ ၂၀၀၃ ခုနှစ်က အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ရိုဒ်ကျွန်း၌ နိုက်ကလပ်တစ်ခုမီးလောင်ခဲ့ရာ လူဦးရေ ၁၀၀ ကျော် သေဆုံးပြီး လူဦးရေ ၂၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူအများစုမှာ မီးခိုးမွှန်ပြီး ထွက်မပြေးနိုင်ဘဲ သေဆုံးရခြင်းဖြစ်သည်။ ၂၀၀၁ ခုနှစ် (၉/၁၁) ဖြစ်စဉ်တွင် ဝေါလ်ထရိတ်စင်တာနှင့် ပင်တဂွန်စစ်ရုံး လူသေဆုံးမှုများတွင် မီးခိုးမွှန်မှုကြောင့် သေဆုံးမှု က အဓိကအကြောင်းရင်းဖြစ်ခဲ့သည်။

### ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှု

လေထွက်ပေါက်မရှိသောအခန်းအတွင်း မီးစက်နှိုးထားခြင်း၊ မီးဖိုချောင်၌ ထင်း သို့မဟုတ် မီးသွေးမီးဖိုများနှင့် ချက်ပြုတ်နေစဉ် မီးခိုးငွေ့ရှူမိခြင်းတို့သည် ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်မှုဖြစ်ကာ အသက်အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနိုင်သည်။ ကာဗွန်မိုနောက်ဆိုက်သည် အနံ့မရှိ၊ အရသာမရှိသောအဆိပ်ဓာတ်ငွေ့တစ်မျိုးဖြစ်သည်။ ၎င်းအဆိပ်သင့်မှုသည် အချိန်တိုအတွင်းအသက်အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်။

လေထုအတွင်း ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ ပမာဏနည်းပါးလျှင် သိသာသည့် လက္ခဏာများမရှိသော်လည်း ပမာဏအများအပြား ရှူသွင်းမိပါက လူသေဆုံးသည်ထိ ဖြစ်ပေါ်နိုင်သည်။ ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်ခြင်း၏ လက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ အားနည်းခြင်း၊ ခေါင်းမူးခြင်း၊ ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ သတိလစ်ခြင်းတို့ဖြစ်သည်။

သာမန်အားဖြင့် လောင်စာဆီသုံးပစ္စည်းများနှင့် အင်ဂျင်အမျိုးမျိုးသည် ကာဗွန်မိုနောက်ဆိုက်ကို ထုတ်လုပ်သော်လည်းယေဘုယျအားဖြင့် စိုးရိမ်ဖွယ်မရှိပေ။ သို့သော် ၎င်းတို့ကိုပိတ်ထားသော သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိတ်ထားသောနေရာများတွင် အသုံးပြုပါက ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်စေနိုင်သည်။ အထူးသဖြင့် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုသည် အိပ်မောကျနေသူ သို့မဟုတ် အရက်မူးနေသူများအတွက် အလွန်အန္တရာယ်များသည့်ကိစ္စဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူသေဆုံးမှုရှိနေသည့် အန္တရာယ်တစ်ခုဖြစ်သည်။ Global Burden of Disease(GBD) ၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ၂၀၂၁ ခုနှစ် တစ်ခုတည်းတွင် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုကြောင့် လူဦးရေ ၂၈၉၀၀ ခန့်သေဆုံးခဲ့သည်။ လူတစ်သိန်းလျှင် ၀ ဒသမ ၃၆၆ ဦးနှုန်းဖြစ်ကြောင်း သိရသည်။ ဒေသအလိုက် ကွာခြားမှုများရှိရာ အရှေ့ဥရောပသည် လူတစ်သိန်းလျှင် ၂ ဒသမ ၁၂ ဦးနှုန်းဖြင့် အမြင့်ဆုံးဖြစ်သည်။ သေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် အမျိုးသားများဖြစ်ပြီး အသက် ၅၀ မှ အသက် ၅၄ အုပ်စုသည် သေဆုံးမှုအများဆုံးဖြစ်သည်။ အမြင့်ဆုံး သေဆုံးမှုနှုန်းမှာ အသက် ၈၅ နှစ်နှင့် အထက်ရှိသူများ ဖြစ်ကြောင်း သိရသည်။

### အိမ်တွင်းလေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်

အိမ်တွင်းလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများမှာ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းနှင့် နှာခေါင်းသွေးယိုခြင်း၊ ကလေးသူငယ်များတွင် နမိုးနီးယား ခေါ် လတ်တလော အဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါများ ကဲ့သို့သော နာတာရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှာခေါင်း၊ လည်ချောင်း၊ အသံအိုးနှင့် အဆုတ်ကင်ဆာများဖြစ်ခြင်း၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့အဆိပ်သင့်ခြင်းကြောင့် ကိုယ်အလေးချိန်မပြည့်သောကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်းနှင့် အသက်တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း မြင့်မားခြင်းတို့ဖြစ်သည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် ငါးနှစ်အောက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်အဆုတ်ရောဂါ သို့မဟုတ် ပန်းနာရင်ကြပ်ရောဂါရှိသူများနှင့် နှလုံးရောဂါရှိသူများသည် အိမ်တွင်းလေထုညစ်ညမ်းမှု၏ဒဏ်ကို ပိုမိုပြင်းထန်စွာခံစားရရှိနိုင်သဖြင့် ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိရှိရန် လိုအပ်သည်။

### အိမ်တွင်းလေထုညစ်ညမ်းမှုမဖြစ်အောင် ကာကွယ်ခြင်း

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်း၏ဟူသောဆိုရိုးစကားနှင့်အညီ အိမ်တွင်းလေထုညစ်ညမ်းမှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းကောင်းများကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

**❖ အိမ်တွင်းလေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအပေါ် သက်ရောက်မှုများမှာ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းနှင့် နှာခေါင်းသွေးယိုခြင်း၊ ကလေးသူငယ်များတွင် နမိုးနီးယားခေါ် လတ်တလောအဆုတ်ရောင်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါများကဲ့သို့သော နာတာရှည်အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ၊ နှာခေါင်း၊ လည်ချောင်း၊ အသံအိုးနှင့် အဆုတ်ကင်ဆာများဖြစ်ခြင်း၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့အဆိပ်သင့်ခြင်းကြောင့် ကိုယ်အလေးချိန်မပြည့်သောကလေးမွေးခြင်း၊ ကလေးအသေမွေးခြင်းနှင့် အသက်တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း မြင့်မားခြင်းတို့ဖြစ်သည်။ ❖**

- မိမိတို့နေထိုင်ရာ အိမ်၊ မီးဖိုခန်းများအတွင်း လေဝင်လေထွက်ကောင်းမွန်အောင်ပြုပြင်ပါ။
- မီးခိုးအထွက်နည်းသည့် လောင်စာများ ဥပမာ-လျှပ်စစ်မီးကိုအစားထိုးအသုံးပြုပါ။
- မီးဖိုခန်းအတွင်း မီးခိုးငွေ့များ အိမ်ပြင်ပသို့ အလွယ်တကူမထွက်စေရန် ဆောင်ရွက်ပါ။
- အလုံပိတ်အိမ်များတွင် မီးခိုးခေါင်းတိုင် အငယ်စားတစ်ခုတပ်ဆင်ပါ။
- လေဝင်လေထွက် မကောင်းသော၊ လေလုံသောအခန်းများအတွင်း ခြင်ဆေးခွေ၊ အမွှေးတိုင်များထွန်းညှိခြင်းမှ ရှောင်ကြဉ်ပါ။
- အိမ်အတွင်း ဆေးလိပ်သောက်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။
- အမှိုက်သရိုက်များကို အိမ်အနီးတွင် စုပုံမီးရှို့ခြင်းမှ ရှောင်ကြဉ်ပါ။
- ၂၁ ရာစုတွင် လူအများစုအသုံးပြုနေကြသော ဂက်စ်မီးဖိုများက အိမ်တွင်းလေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေပြီး အထူးသဖြင့် ကလေးသူငယ်များတွင် အဆိုပါဂက်စ်မီးဖိုများကြောင့် ပန်းနာရင်ကျပ်ရောဂါရစေသည်။

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲပါလာသည့် လေထုအရည်အသွေးညံ့ဖျင်းမှု၊ အမှိုက်များကို အလွယ်တကူမီးရှို့မှုတို့ကြောင့် ဆိုးကျိုးကို မကြာခဏခံစားရလေ့ရှိသည်။ ထို့အတူ မီးပျက်လျှင် နေရာအနှံ့မှ မီးစက်ကြီး၊ မီးစက်ငယ်များ၏ ထွက်ပေါ်လာသော ဆူညံသံနှင့် မီးခိုးငွေ့များကလည်း ပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့၏ လက်တစ်ကမ်းအကွာတွင်ရှိသော မီးခိုးမွှန်ခြင်းအန္တရာယ်ရှောင်ရှားနိုင်ရေးအတွက် အသိကိုသတိနှင့်ယှဉ်၍ နေထိုင်သွားကြရန်လိုသည်။

အချုပ်ဆိုရလျှင် လေထုညစ်ညမ်းမှုသည် လူသားအားလုံး၏ ကျန်းမာရေးအတွက် အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာခြိမ်းခြောက်မှုဖြစ်နေပြီး ထင်ထားသည်ထက် အန္တရာယ်ပိုများနေသည်။ လေထုအတွင်းရှိ ကာဗွန်မိုနောက်ဆိုက်သည် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောအောက်ဆီဂျင်ကို အပြည့်အဝမရသဖြင့် ရှူရှိုက်မိသည့် ပမာဏများလာပါက အသက်အန္တရာယ်ဆုံးရှုံးသည်ထိဖြစ်ပွားနိုင်သည်။ သေးငယ်လွန်းသော အမှုန်များသည် အဆုတ်ကင်ဆာ၊ နှလုံးကင်ဆာ၊ လေဖြတ်ခြင်းတို့အပြင် အခြားကင်ဆာရောဂါတို့ ဖြစ်ပွားခြင်းနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း သုတေသနရလဒ်များ တွေ့ရှိပြီးဖြစ်သည်။

ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုသည် ကြိုတင်ရှောင်ရှားနိုင်သော အန္တရာယ်တစ်ခုဖြစ်သည်။ အလုံပိတ်ခန်းအတွင်း မီးစက်နှိုးထားခြင်းနှင့် အလုံပိတ်ကားပါကင်၌ ကားစက်နှိုးထားခြင်းတို့ကိုရှောင်ကြဉ်ခြင်း၊ ထင်းနှင့် မီးသွေးမီးဖိုများကို လေဝင်လေထွက်ကောင်းသော နေရာများ၌ထားရန် ချက်ပြုတ်ခြင်းဖြင့် ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုကိုကာကွယ်နိုင်သည်။ တစ်ဖက်ကလည်း တာဝန်ရှိသူများအနေဖြင့် ကာဗွန်မိုနောက်ဆိုက်အဆိပ်သင့်မှုအန္တရာယ် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပေသည်။ ထို့ကြောင့် အိမ်တွင်းလေထုညစ်ညမ်းမှုမှသည် လောကတစ်ခွင်လေထုညစ်ညမ်းမှု လျော့ပါးသက်သာစေရေးအတွက် လူသားတစ်ဦးချင်းစီမှာ အပြည့်အဝတာဝန်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

# ပန်းနုရောင် အိပ်မက်များ ဇာတ်လမ်းတွဲကို ဩဂုတ်လ တတိယပတ်တွင် HEY Play Application နှင့် YouTube Channel တို့မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဩဂုတ် ၁၇**

HEY Play Application နှင့် HEY Play YouTube Channel တို့မှ ပန်းနုရောင်အိပ်မက်များ ဇာတ်လမ်းတွဲကို ဩဂုတ်လ တတိယပတ်တွင် ၁၈ ရက်မှ စတင်ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ပန်းနုရောင် အိပ်မက်များ ဇာတ်လမ်းတွဲကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်ထံမှ သိရသည်။

အဆိုပါ ပန်းနုရောင် အိပ်မက်များ ဇာတ်လမ်းတွဲကို Victoria Flim Production ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး ဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော်ကတာဝန်ယူ ပုံဖော်ဖန်တီးထားခြင်း ဖြစ်ကြောင်းလည်း သိရသည်။

" ဒီဇာတ်ကားမှာက ချမ်းသာတဲ့ မိသားစုအသိုင်းအဝိုင်းကနေ ကြီးပြင်းလာခဲ့တဲ့ ညီအစ်မ နှစ်ယောက်သံစဉ်နဲ့ကဗျာ။ ကံတရားအလှည့်အပြောင်းတစ်ခုကြောင့် ပိုင်ဆိုင်မှုတွေဆုံးရှုံးသွားတဲ့အခါ ကြုံတွေ့လာရမဲ့ လောကဓံကို ဘယ်လိုရင်ဆိုင်ဖြေရှင်းသွားမလဲဆိုတာကို လူငယ်ဆန်ဆန် အချစ်ဒရာမာပုံစံလေးရိုက်ကူးထားပါတယ်" ဟု ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က ပြောပြသည်။

ပန်းနုရောင် အိပ်မက်များ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲထိုက်၊ ချာလီ၊ တေဇလင်းရောင်၊ နန်းစုဦး၊ မေတိုးခိုင်စသည့် အနုပညာရှင်များ ပါဝင်ထားကာဩဂုတ် ၁၈ ရက်မှ စတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်းသိရသည်။ ASH

# Jehanne d'Arc ဇာတ်ကား၌ မင်းသမီး အစ္စလာဂျွန်စတန် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၇**

ဝါနာဘရားသားကုမ္ပဏီ၏ Jehanne d'Arc အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ တက်သစ်စ မင်းသမီး အစ္စလာဂျွန်စတန် ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အထက်ပါ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် မင်းသမီး အစ္စလာဂျွန်စတန်သည် ဝါနာဘရားသားကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက အစ္စလာဂျွန်စတန်သည် Joan of Arc ဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Jehanne d'Arc ဇာတ်ကားသည် နှစ် ၁၀၀ စစ်ပွဲကာလအတွင်း ထင်ရှားခဲ့သည့် ပြင်သစ်အမျိုးသမီး Joan of Arc ၏ ငယ်ဘဝကိုအခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ဘက်ဇ်လူဟာမန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဗာပစ်ကတ်နှင့်ပူးတွဲ ရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Jehanne d'Arc ဇာတ်ကားရိုက်ကူးမည့်ရက်နှင့်ရုံတင်ပြသမည့်နေ့တို့ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာထားခြင်းမရှိသေးပေ။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် အောင်ထက်၊ အိုင်ရင်းဇင်မာမြင့်၊ နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR- The Heart Of Rangoon Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဩဂုတ် ၁၇**

တေးသံရှင်အောင်ထက်၊ အိုင်ရင်းဇင်မာမြင့်နှင့် နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR – The Heart Of Rangoon Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်အောင်ထက်ထံမှ သိရသည်။

အဆိုပါတေးသံရှင်အောင်ထက်၊ အိုင်ရင်းဇင်မာမြင့်နှင့် နေမင်းအိမ်တို့၏ တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" လာမဲ့ ဩဂုတ် ၂၇ ရက် ည THOR မှာ ပရိသတ်တွေနဲ့ တွေ့ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော်နဲ့အတူ နေမင်းအိမ်နဲ့ အိုင်ရင်းဇင်မာမြင့်တို့က Daily Gita Band နဲ့တွဲဖက်ပြီး သီဆိုဖျော်ဖြေပေးမှာဖြစ်သလို THOR ရဲ့ ပင်တိုင် အဆိုရှင်တွေကလဲ ကျွန်တော်တို့နဲ့ ပံ့ပိုးကူညီဝန်းရံပေးအုံးမှာမို့ လက်လွှတ်မခံသင့်ပါဘူး"ဟု တေးသံရှင်အောင်ထက်က ပြောပြသည်။

တေးသံရှင် အောင်ထက်၊ အိုင်ရင်းဇင်မာမြင့်၊ နေမင်းအိမ်တို့၏ တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR– The Heart Of Rangoon Bar တွင် လာမည့် ဩဂုတ် ၂၇ ရက် ည ၆ နာရီ ၃၀ မိနစ်တွင် စတင်ဖျော်ဖြေပေးသွားမည်ဟုလည်း သိရသည်။

ASH

# Close Personal Friends ဇာတ်ကား၌ အနုပညာရှင်လေးဦး ပါဝင်လာမည်ဖြစ်

**နယူးယောက် ဩဂုတ် ၁၇**

Amazon MGM စတူဒီယို၏ Close Personal Friends အမည်ရှိ ဟာသဇာတ်ကား၌ မင်းသမီး ဘရီလာဆန်၊ လီလီကောလင်း၊ မင်းသားဂျက်ကွန်နှင့်ဟင်နရီဂိုးလ်ဒင်းတို့ပါဝင်မည် ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

လက်ရှိအချိန်တွင် Close Personal Friends ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM က ကြေညာထားခြင်း မရှိသေးပေ။

Close Personal Friends ဇာတ်ကားကို ဒါရိုက်တာ ဂျက်ဆင်အော်လေကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာ အိုင်ဆက်အက်တာက တာဝန်ယူရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

Close Personal Friends ဇာတ်ကားကို ယခုနှစ်စက်တင်ဘာလတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

Close Personal Friends ဇာတ်ကားရုံတင် ပြသမည့်အချိန်ကို Amazon MGM စတူဒီယိုက ကြေညာထားခြင်း မရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Mahar Application မှ ထုတ်လွှင့်ပေးနေသည့် မယားကျွန် ဇာတ်လမ်းတွဲ Press Show ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

Mahar Application မှ ဩဂုတ် ၁၄ ရက်မှ စတင်ကာ ထုတ်လွှင့်ပေးနေသည့် မယားကျွန် ဇာတ်လမ်းတွဲ Press Show ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Lotte Hotel Yangon တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ရာဇဝင်ကိုထံမှ သိရသည်။

အဆိုပါ မယားကျွန် ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ကျူးလစ်မေက ရေးသားထားပြီး ဇာဏ်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာရာဇဝင်ကိုက ပုံဖော်ဖန်တီး ရိုက်ကူးထားကြောင်း သိရသည်။

" Mahar Application က ပြသတဲ့ ကျွန်တော့်ရဲ့ ဒုတိယမြောက် ဇာတ်လမ်းတွဲလဲ ဖြစ်ပါတယ်။ ဘယ်သူကဘယ်သူ့ကျွန်ဖြစ်မလဲဆိုတာ ဇာတ်ကားကို ကြည့်ပြီးရင်တော့ သိသွားမှာပါ။ ဘယ်အခန်းက ပိုကြိုက်လဲဆိုရင်တော့ ထုတ်နုတ်ပြောရဖို့က ခက်ပါတယ်။ မယားကျွန် ဇာတ်လမ်းတွဲကို ရိုက်ကူးရေးအဖွဲ့သားတွေ အကုန်လုံးရဲ့ ကြိုးစားမှုနဲ့ အကောင်းဆုံး ပုံဖော်ထားပါတယ်။ လောင်တာကြိုက်သူတွေအတွက် လောင်မြိုက်နေရမဲ့ ကားတစ်ကားပါ" လို့ ဒါရိုက်တာရာဇဝင်ကိုက ပြောပြ၍ သိရသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ အုပ်စိုးခန့်၊ စိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်၊ ခြူးလေးသံသာညီ စသူတို့ပါဝင်ကြောင်း သိရပြီးအပိုင်း ၂၅ ပိုင်း ပါဝင်သည့် ၎င်းဇာတ်လမ်းတွဲကို ဩဂုတ် ၁၄ ရက်က စတင်ကာ Mahar Application က ထုတ်လွှင့်ပြသနေကြောင်း သိရသည်။

ASH

# More than 2,000 acres of rainfed paddy planted in Kalewa Township



A rainfed paddy plantation in Kalewa Township.

**Kalewa August 17**

Local farmers have so far planted more than 2,000 acres of rainfed paddy in Kalewa Township of Sagaing Region during this monsoon, the statistics of Kalewa Township Agriculture Department indicated.

In the 2025-26 monsoon crop cultivation season, local authorities earmarked cultivation of 18,635 acres of rainfed paddy in the township but local farmers grew 2,762 acres of crops against the target cultivation.

U Myo Naing, Head of Kalewa Township Agriculture Department stated: "Local authorities set a plan to grow more than 18,000 acres of rainfed paddy in the township this year but farmers have so far planted more than 2,000 acres of crops against the target cultivation. Our department helps local farmers meet the target cultivation. Moreover, we provided them with necessary agricultural techniques and quality seeds to grow rainfed paddy in time."

This year, officials of the township Agriculture Department cooperate with local farmers in growing rainfed paddy without any difficulties.

Officials of the department provide agricultural techniques and raise farmer awareness to prevention of pests, minimize loss and waste of crops and keep the harvested crops under shelter in time.

Staff of the township department participate in selection of quality seeds of paddy to successfully grow rainfed paddy and boost per-acre yield of crops, conduct surveillance against pests, collectively weed the paddy plantations, remove different strains of crops and systematically use fertilizers.

206

# One million women, girls in Gaza face mass starvation: UN agency

**Gaza August 17**

One million women and girls are facing mass starvation, violence, and abuse in Gaza, the United Nations Relief and Works Agency for Palestine Refugees in the Near East (UNRWA) said Saturday on social media platform X.

"Hunger is spreading fast in Gaza ... Women and girls are forced to adopt increasingly dangerous survival strategies like venturing out in search of food and water at the extreme risk of being killed," UNRWA said.

It urged lifting the Israeli blockade on Gaza, home to more than 2 million people, and bringing in humanitarian aid "at scale."

The remarks came as Gaza-based health authorities reported on Saturday 11 more deaths, including a child, from famine and malnutrition in the past 24 hours, bringing the total number of hunger-related deaths to 251, including 108 children.

The total number of people killed by Israeli strikes since October 2023 has topped 61,800, with more than 155,000 wounded, according to the health authorities.

Xinhua

# Farmers plant more than 1,000 acres of vegetables in YeU Township

**YeU August 17**

Statistics of YeU District Agriculture Department stated that local farmers have grown more than 1,000 acres of vegetables as monsoon crops in YeU Township of Sagaing Region.

In 2025-26 monsoon crop cultivation season, YeU Township earmarked cultivation of 3,500 acres of vegetables. Local farmers started cultivation of vegetables. So far, they have planted 1,604 acres of crops.

U Zaw Myint Tun, Head of YeU District Agriculture Department, disclosed: "Local authorities earmarked cultivation of more than 3,000 acres of vegetables this year. Local farmers planted over 1,000 acres of crops. Our department helps local farmers meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, cabbage, and cauliflower. Our department urges local farmers to grow crops in GAP system with the least of chemical residue."

This year, the township Agriculture Department conducts training courses for local farmers and agricultural staff to enhance their capacity for growing of vegetables in GAP system, produce healthy crops and expand sown acreage of crops.

Local farmers engaging in growing vegetables can earn increased incomes for their families.



A vegetable plantation in YeU Township.

Officials of the Township Agriculture Department help them grow crops in systematic

It is reported that in Ye-U Township, a variety of seasonal vegetables are cultivated annually. These vegetable crops have been successfully grown, contributing to household income. The Township Agriculture Department is also providing awareness and technical guidance to farmers who wish to grow vegetables, focusing on proper cultivation methods, pest prevention, and the use of natural fertilizers, organic pesticides, and repellents.

206

# Three killed in New York City mass shooting

**New York August 17**

At least three people have been killed and several others wounded in a mass shooting at a restaurant in the borough of Brooklyn in New York City, police have said.

Another eight people were wounded as shots were fired inside the Taste of the City Lounge at 903 Franklin Avenue in the Crown Heights neighborhood early on Sunday, officials said.

The three fatalities were said to be men of 27, 35, and of an unknown age.

The wounded have been rushed to the hospital, with no information on their condition so far.

The suspects in the shooting have not yet been identified, according to police.

A video from Brooklyn shows investigators working inside the restaurant, with pools of blood and broken glass on the floor.

Police said at least 36 shell casings had been found at the scene.

NYPD Commissioner Jessica Tisch called the incident "a terrible thing" and "an anomaly," considering that "we have the lowest number of shooting incidents and shooting victims seven months into the year we have seen on record in the city of New York."

The NYPD said earlier in August that it had recorded 412 shooting incidents and 489 shooting victims so far in 2025 – less than the previous record low of 426 shootings in 2017.

Xinhua




A view of the crime scene where three people were killed and eight other people are injured in a mass shooting inside of Taste of the City Bar and Lounge on Franklin Avenue in Crown Heights, Brooklyn, New York, United States on August 17, 2025.

# Shwebo District cultivates over 1,000 acres of rain-fed sunflowers

**Shwebo August 17**

More than 1,000 acres of sunflowers have been planted during this year rain crops planting season in Shwebo District, Sagaing Region, according to the Department of Agriculture for Shwebo District.

Shwebo District is planning to plant 1,200 acres of sunflower during the 2025-2026 rain crops planting season, and planting has begun since June this year, and 1,075 acres have been planted so far.

"We are working to meet the target acres. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop. Sunflower, an oil crop, has more oil per acre than other peanuts and sesame. Sunflower is planted in the winter," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

This year, the total area of sunflower cultivation in Shwebo District is as per following: 36 acres in Shwebo Township, 782 acres in KhinU Township, 214 acres in Wetlet Township, and 43 acres in Kyaukmyaung Sub-Township, totaling 1,075 acres.

206

# Maubin Township supplies 55,000 baskets of black gram to Yangon market in July


Black gram being put into bags.

**Maubin August 17**

Businesspersons from Maubin Township of Ayeyawady Region sent 55,000 bags of black gram containing 16 Pyi each to Yangon market in July, said U Htet Swan, the owner of pulses and beans trader in Maubin Township.

From Maubin Township, only up to 42,000 bags of black gram of the 16-pyi type were able to be shipped and sold to the Yangon market during the past month of June. However, it is reported that in July, up to 55,000 bags were shipped and sold.

"A total of 55,000 bags of 16-pyi black gram were shipped and sold to the Yangon market from Maubin Township during the past month. Currently, buyers from Yangon are still purchasing pulses produced in the region. Due to stronger demand from international markets for black gram, demand from the Yangon side has also increased. The pulses currently being sold are leftover summer stock," said U Htet Swan.

It is also reported that the price of 16-pyi black gram exported from Maubin Township to the Yangon market has reached up to K117,000 per bag. The rise in black gram sales has benefited farmers, traders, loading and unloading laborers, and truck drivers renting out vehicles for transport.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Shwebo Township finishes harvest of all summer paddy plantations

**Shwebo August 17**

According to the statistics of Shwebo Township Agriculture Department, local farmers have harvested all sown acreage of summer paddy in Shwebo Township of Sagaing Region this year.

In Shwebo Township, a total of 64,910 acres of summer paddy were cultivated during this year's summer crop season. Harvesting began in May and, as of today, all cultivated acres have been fully harvested, with an average yield of 87.54 baskets per acre, according to reports.

"This year, Shwebo Township cultivated up to 64,910 acres of summer paddy during the summer crop season. All of the cultivated fields have now been 100 per cent harvested. The actual cultivation area exceeded the initial target. Farmers were provided with agricultural techniques, pest and disease prevention awareness, guidance to avoid crop loss, and advice to ensure timely and protected post-harvest storage of the paddy," said U Hsan Oo, Head of the Department of Agriculture for Shwebo Township.


Summer paddy being harvested with the use of machinery.

To improve per-acre yields and achieve target production, farmers were supported with quality seed varieties, the distribution of agricultural pamphlets, farmer training sessions, awareness discussions, and timely access to necessary inputs.

Large-scale farmers have also been encouraged to coordinate with the Department of Agriculture and prepare in advance by following official guidelines for crop pest and disease prevention, implementing soil nutrient enrichment programs, and securing quality seeds in advance. These measures aim to ensure the timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon-season crops.

206

# Tamu District cultivates over 1,300 acres of rainfed millets

**Tamu August 17**

More than 1,300 acres of millets have been planted in Tamu District during this year rain crops planting season, according to the statistics of the Department of Agriculture for Tamu District.

In the 2025-2026 rain crops planting season, a total of 1,500 acres of millets have been planned to plant in Tamu District. The planting has started in June this year. To date, 1,360 acres have been planted, including 608 acres in Myothit Sub-Township, 287 acres in Tamu Township, and 465 acres in Khampat Township.

"We are working to achieve the target acres. We are providing education to help millet grow and be successful, and to prevent the spread of pests and diseases," said U Hla Myint, head of the Department of Agriculture for Tamu District.

In Mingin Township, in the cultivation of seed corns and millets, more than 50 baskets of seed corns are produced per acre, and the cost of planting one acre of seed corn is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats.

206


A millet plantation.

# Sown acreage of groundnut expanded in Mingin Township

**Mingin August 17**

Local farmers expanded cultivation of groundnut in Mingin Township of Sagaing Region, according to the data of Mingin Township Agriculture Department.

For the 2025-2026 monsoon crop cultivation season, Mingin Township had planned to cultivate 5,905 acres of groundnut. Planting began in May this year, and as of today, a total of 8,150 acres have already been cultivated.

"This year, Mingin Township authorities planned to grow over 5,000 acres of groundnut during the monsoon season. So far, more than 8,000 acres have been planted. This means the cultivated acreage has already exceeded the initial target. As an oil crop, groundnut is in a strong position this year, and its cultivation continues to grow year by year," said Daw Hayman Kyaw Win, Head of the Township Department of Agriculture in Mingin.

In Mingin Township, about 1.5 baskets of seeds are used per acre for groundnut cultivation. The total cost per acre — including seed expenses, labour, fertilizers, and pesticides — is reported to exceed K200,000. Yields average over 50 baskets per acre.

To ensure successful groundnut cultivation this year, prevent pest and disease outbreaks, and keep fields weed-free, staff from the township's Department of Agriculture have been conducting field inspections and recording monitoring data across cultivation areas.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယလေတပ်က တာဝေးပစ်ဒုံးကျည်များ အဆင့်မြှင့်တင်ရန် DRDO ကို တိုက်တွန်းခဲ့



အိန္ဒိယလေတပ် (IAF) သည် ပါကစ္စတန်နိုင်ငံ၏ စစ်လက်နက်များ ပိုမိုခေတ်မီလာနေခြင်းကြောင့် တာဝေးပစ်ဒုံးကျည်များကို စွမ်းဆောင်ရည် အဆင့်မြှင့်တင်ရန် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) ကို တိုက်တွန်းခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇွန်လတွင် ပါကစ္စတန်နိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားခဲ့သည့် စစ်ဆင်ရေး Sindoor ကို လေတပ်မှ ဦးဆောင်ခဲ့ပြီး အိန္ဒိယလေတပ် (IAF) ၏ တိုက်လေယာဉ်များက ပါကစ္စတန်နိုင်ငံ ပိုင်နက်နယ်မြေ၏ အကွာအဝေး ၂၀၀ ကီလိုမီတာ (၁၂၄ မိုင်) အတွင်း ဝင်ရောက်လာသော ပစ်မှတ်များကို တိုက်ခိုက်နိုင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံလေတပ်သည် ပါကစ္စတန်နှင့်ပဋိပက္ခဖြစ်ပွားပြီး သုံးလခန့်အကြာတွင် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) ကို အကွာအဝေး ၁၂၄ မိုင်ကျော် တာဝေးပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိမည့် ဝေဟင်မှ ဝေဟင်ပစ်၊ ဝေဟင်မှ မြေပြင်ပစ်၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ တီထွင်၊ ထုတ်လုပ်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အိန္ဒိယလေတပ်၏ အလိုအပ်ဆုံးစာရင်းတွင် ထိပ်ဆုံးမှပါဝင်နေသည်မှာ ပြည်တွင်းထုတ် Astra ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်ကို အကွာအဝေးစွမ်းရည်အဆင့်မြှင့်တင်ထားကြောင်း အိန္ဒိယနိုင်ငံ၊ ကာကွယ်ရေးအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ Asian News International သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဒုံးကျည်၏ မူလအမျိုးအစားဖြစ်သည့် Astra Mark-1 ကို အိန္ဒိယလေတပ် (IAF) တွင် ၂၀၁၉ ခုနှစ်ကတည်းက စတင်အသုံးပြုခဲ့ပြီး Mark-2 ကိုမူ စမ်းသပ်နေဆဲဖြစ်သည်။ Mark-1 သည် အကွာအဝေး ၆၈ မိုင်ထိ ပစ်ခတ်နိုင်ပြီး ပိုမိုအဆင့်မြှင့်သည့် အမျိုးအစားသည် အကွာအဝေး ၉၉ မိုင်ထိ ပစ်မှတ်များကို တိုက်ခိုက်နိုင်ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယလေတပ်သည် ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO)ကို Project Kusha ဟုခေါ်သည့် တာဝေးပစ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင် အကောင်အထည်ဖော်ပေးရန် တောင်းဆိုခဲ့သည်။ အိန္ဒိယသည် လက်ရှိတွင် ရုရှားနိုင်ငံထုတ် S-400 လေကြောင်းရန် ကာကွယ်ရေးတပ်ရင်းကြီး ငါးရင်းကို တပ်ဖြန့်အသုံးပြုနေသော်လည်း အနည်းဆုံး နောက်ထပ်နှစ်ရင်းစာထိ ထပ်မံဝယ်ယူဖြည့်တင်းသွားရန် စဉ်းစားနေကြောင်း Asian News International သတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။

ဤပြောဆိုရေးသားချက်များ ထွက်ပေါ်လာခြင်းသည် တရုတ်နိုင်ငံထုတ် PL-15 ဒုံးကျည်၏ အကွာအဝေးစွမ်းဆောင်ရည်ကို အထင်သေးခဲ့သည့်အိန္ဒိယလေတပ်သည် ပြီးခဲ့သည့် ဇွန်လက ပါကစ္စတန်လေတပ်နှင့် ပဋိပက္ခတွင် အိန္ဒိယလေတပ်မှ တိုက်လေယာဉ်များစွာ ဆုံးရှုံးခဲ့သည်။အိန္ဒိယလေတပ်က အဆိုပါဒုံးကျည်၏ အကွာအဝေးကို ၉၃ မိုင်ခန့်ထိ တိုက်ပွဲဝင်နိုင်သည့် စွမ်းဆောင်ရည်ကို ၃၁ မိုင်ခန့် လျှော့နည်း၍ တွက်ချက်ခဲ့ကြောင်း အိန္ဒိယနှင့်ပါကစ္စတန် နိုင်ငံ စစ်ဘက်အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံတကာသတင်းဌာနတချို့က ရေးသားထားကြောင်း သိရသည်။

**Indian Air Force Calls for Extended-Range Missile Development ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက DF-100 အသံထက်မြန်သော ခရုဇ်ဒုံးကျည်၏ တိုက်ပွဲဝင်ဖြန့်ကြက်မှု ထုတ်ဖော်ပြသခဲ့




တရုတ်နိုင်ငံသည် DF-100 အသံထက်မြန်သော ခရုဇ်ဒုံးကျည်၏ တိုက်ပွဲဝင်ဖြန့်ကြက်မှုကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ်လ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၁၉ ခုနှစ်၊ ပေကျင်းမြို့၌ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားတွင် DF-100 ခရုဇ်ဒုံးကျည်ကို ပထမဆုံးမြင်တွေ့ခဲ့ရပြီးနောက် ယခုအကြိမ်ပြသမှုသည် တရုတ်စစ်ဘက်၏ မဟာဗျူဟာမြောက် သတင်းစကားပေးပို့ခြင်းလည်း ဖြစ်နိုင်သည်။ အဆိုပါပြသခဲ့မှုတွင် ဒုံးကျည်များတပ်ဖြန့်ချထားပုံ၊ ဒုံးပစ်လောင်ချာယာဉ်ဖွဲ့စည်းပုံနှင့် ဒေါင်လိုက်ပစ်လွှတ်မှုစနစ်တို့ကို ပထမဆုံးအကြိမ် ရှင်းလင်းစွာပြသထားသောကြောင့် အကန့်အသတ်ရှိသော ပတ်ဝန်းကျင်အခြေအနေများမှာပင် လျင်မြန်စွာ တိုက်ပွဲဝင်နိုင်စွမ်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

DF-100 ခရုဇ်ဒုံးကျည်သည် တရုတ်နိုင်ငံထုတ်သမားရိုးကျ မြေပြင်တိုက်ခိုက်ရေးဒုံးကျည်စနစ်များနှင့် မတူကွဲပြားသော မဟာဗျူဟာတစ်ခုကို ကိုယ်စားပြုနေသည်။ ၎င်းသည် သမားရိုးကျ ပဲ့ထိန်းဒုံးကျည်များထက် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိပြီး မြန်နှုန်းမြင့်တိကျမှုဖြင့် တိုက်ပွဲဝင်နိုင်ခြင်းကို အလေးပေးထားသည်။ သမားရိုးကျနှင့်နျူကလီးယား ထိပ်ဖူးနှစ်မျိုးစလုံးကို သယ်ဆောင်နိုင်သော တာဝေးပစ်မြေပြင်တိုက်ခိုက်ရေး ခရုဇ်ဒုံးကျည်အဖြစ် အဓိကဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

DF-100 ခရုဇ်ဒုံးကျည်သည် ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၂၀၀၀ မှ ၃၀၀၀ ထိ ပစ်ခတ်နိုင်စွမ်းရှိသောကြောင့် အင်ဒို-ပစိဖိတ်ဒေသတွင်း ဂျပန်၊ ဂူအမ်နှင့်တောင်တရုတ်ပင်လယ်ရှိ စစ်ရေးဆိုင်ရာ အခြေစိုက်စခန်းများအပါအဝင် မဟာဗျူဟာမြောက် တန်ဖိုးမြင့်ပစ်မှတ်များထိ ရောက်ရှိတိုက်ခိုက်နိုင်သည်။ ၎င်းဒုံးကျည်၏ တွန်းကန်အားစနစ်မှာ အစိုင်အခဲလောင်စာသုံး ရမ်ဂျက် သို့မဟုတ် ဒုံးပျံအင်ဂျင်အသုံးပြုထားပြီး အလျင်နှုန်း Mach 3 မှ Mach 5 ထိ ပျံသန်းတိုက်ပွဲဝင်နိုင်မည် ဖြစ်သည်။ ၎င်း၏ မြန်နှုန်းမြင့်ပျံသန်းနိုင်မှုနှင့် ရေဒါမှ ဖမ်းယူထောက်လှမ်းခံရနိုင်ခြေနည်းပါးမှုတို့ ပေါင်းစပ်လိုက်သောအခါ ရန်သူ၏လေကြောင်းရန် ကာကွယ်ရေးစနစ်အတွက် တုံ့ပြန်ရန် အချိန်လွန်စွာနည်းပါးသွားပြီး ကြားဖြတ်ဟန့်တားရန် အချိန်သည် စက္ကန့်ပိုင်းမျှ သာရရှိစေမည်ဖြစ်သည်။

ကမ္ဘာ့အဆင့်မီ နှိုင်းယှဉ်ချက်များအရ DF-100 သည် အသံထက်မြန်သော ခရုဇ်ဒုံးကျည်အမျိုးအစားအဖြစ် ထင်ရှားပေါ်လွင်နေသော်လည်း ၎င်း၏စွမ်းရည်များသည် ထိပ်တန်းစစ်ရေးအင်အားကြီးနိုင်ငံများကြား မြန်နှုန်းမြင့်တာဝေးပစ်လက်နက်များ အပြိုင်တပ်ဆင်နေကြသည့် ခေတ်ရေစီးကြောင်းနှင့် ကိုက်ညီနေသည်။

DF-100 ခရုဇ်ဒုံးကျည်ကို တိုက်ပွဲဝင်ထုတ်ဖော်ပြသခြင်းသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် နှစ် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် စက်တင်ဘာလတွင် ပြုလုပ်မည့်တရုတ်နိုင်ငံ၏ စစ်ရေးပြအခမ်းအနားမတိုင်မီ ရက်သတ္တပတ်အနည်းငယ်အလိုတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းသည် ပထဝီဝင်နိုင်ငံရေးမရေရာမှုများ ရှိနေချိန်တွင် တရုတ်နိုင်ငံ၏ နည်းပညာရင့်ကျက်မှုကို ပြသရန်၊ ဒေသတွင်းလွှမ်းမိုးမှုကို အခိုင်အမာဖော်ပြရန် ရည်ရွယ်ဖွယ်ရှိသည်။ အထူးလျှို့ဝှက်ထားသော တိကျမှုမြင့်မားသည့် လက်နက်များထဲမှတစ်ခုကို ပွင့်လင်းစွာပြသခြင်းဖြင့် တရုတ်ထိပ်တန်းခေါင်းဆောင်များသည် အင်ဒို-ပစိဖိတ်ဒေသတွင် တန်ပြန်စိန်ခေါ်မှုကင်းမဲ့သော အင်အားပြသမှုခေတ်သည် လျင်မြန်စွာ ပြောင်းလဲနေပြီဖြစ်ကြောင်း ဒေသတွင်းရန်ဘက်များနှင့်မဟာဗျူဟာမြောက် ပြိုင်ဘက်များကို တိုက်ရိုက် အချက်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း သိရသည်။

**China Warns Regional Neighbors with First Operational Footage of DF-100 Supersonic Missile. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၅၇၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၅၇၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် စပါး ၁၂၇၁၅၇ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ဇွန်လပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၇၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ စပါးကေ ၁၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၆၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွကြ ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေွက ပြောပြ၍ သိရသည်။

(၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွှင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မကွေးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး



**မကွေး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မကွေး-တောင်တွင်းကြီးလမ်းမှ ကံနှစ်ဆင့် - ညောင်ပင်ကြီး - ငါးဆောင် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းထွန်းဦးနှင့် ဝန်ထမ်းများက ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ကိုကိုက ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းထွန်းဦးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်၌ လမ်းအရှည် ၆ ဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ၆ လက်မရှိ မကွေး-တောင်တွင်းကြီးလမ်းမှ ကံနှစ်ဆင့် - ညောင်ပင်ကြီး - ငါးဆောင်ကျေးရွာချင်းဆက်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၄၂ ဒသမ ၅၀ သန်း အသုံးပြုပြီး မကွေးမြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၁၈ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာငါးရွာမှ လူဦးရေ ၅၇၂၀ ဦးတို့၏ သွားလာရေးလွယ်ကူစေမှာဖြစ်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# ရေကြည်မြို့နယ်တွင် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ရေကြည် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ဩဂုတ်လပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာချိန် ၂၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါတိုင်ထောင်ပဲသီး တစ်ပိဿာလျှင်ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူတာများနေပါတယ်။ လက်ရှိတိုင်ထောင်ပဲသီး ပိဿာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချတော့ သယ်ယူစရိတ်တွေ လဲသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ သီးနှံကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီကကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေ အဝယ်လိုက်နေတာပါ။ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

ရေကြည်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့ စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ရှမ်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မင်းလှ ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းကုန်းကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား ရပ်မိရပ်ဖများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တိုင်းရင်းသားရေးရာစင်တာကြည့်ရှုစစ်ဆေး

**ထားဝယ် ဩဂုတ် ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ဆန်းချီရပ်တွင် တည်ဆောက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ Ethnic Center ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Successful TMA Construction Co.,Ltd တာဝန်ခံ အင်ဂျင်နီယာက Ethnic Center တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က Ethnic Center ၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များ၊ အထိမ်းအမှတ်အခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်း



ဆိုင်ရာသင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Ethnic Center တည်ဆောက်နေမှုနှင့် ပတ်သက်၍ လိုအပ်သည်များမှာကြားပြီး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တနင်္သာရီ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ Ethnic Center တွင် RC နှစ်ထပ်ပေ(၅၀x၆၀) အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများ (Roof Slab နှင့် Extension Roof) တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မီတာစမ်းသပ်စစ်ဆေးရေးဌာနက မီတာများစမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုနှင့် ‌ေလျှင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှုများအား ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မီတာစမ်းသပ်စစ်ဆေးရေးဌာန (Test Lab)က မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စမ်းသပ်စစ်ဆေးပြီး မီတာများကို မြို့နယ်များသို့ အချိန်မီပို့ဆောင်သွားရန်နှင့် ပြည်သူလူထု အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ အောက်မြန်မာပြည်အတွက်အသုံးပြုမည့် မီတာများကို ရန်ကုန်(Test Lab)က စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးလျက် ရှိသည့်အတွက် နေပြည်တော်(Test Lab)အနေဖြင့် အထက်မြန်မာပြည်အတွက် အသုံးပြုမည့်မီတာများကို အဓိကဦးစားပေး၍ စမ်းသပ်စစ်ဆေးဆောင်ရွက်သွားရန်၊ အသုံးပြု၍မရတော့သည့်ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းမှပယ်ဖျက်၍ ရှင်းလင်းဆောင်ရွက်သွားရန် မှာကြားပြီး မီတာများစမ်းသပ်စစ်ဆေးဆောင်ရွက်နေမှု၊ အသားတံဆိပ်ရိုက်နှိပ်ခြင်းဆောင်ရွက်နေမှု၊ မီတာ Voltage Supply လုပ်ငန်း ဆောင်ရွက်နေမှုနှင့် မီတာများဆီးလ်ခတ်ခြင်းနှင့် ဘားကုတ်ထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပစ္စည်းသိုလှောင်ရေးစတိုအတွင်း ထိန်းသိမ်းထားရှိသည့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၆)နှင့် ဓာတ်အားခွဲရုံအမှတ်(၁)တို့သို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံများဝင်းအတွင်း၌ ‌ေလျှင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှု၊ နေထိုင်နေမှု၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီးများ သွယ်တန်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရှေ့ဖုံးမှအဆက်**

မြန်မာအမျိုးသမီးလက်ရွေးစင် အသင်းသားအားလုံးအတွက် ဂုဏ်ယူပါတယ်။ စည်းလုံးညီညွတ်မှုအပြည့်နဲ့ ကြိုးစားခဲ့ကြလို့ အားရကျေနပ်မိပါတယ်။ ဗိုလ်လုပွဲစဉ်မှာ နိုင်ပွဲအတွက် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြဖို့ တိုက်တွန်းပါတယ်။ ချန်ပီယံဆုရရှိတာနဲ့ နိုင်ငံတော်ကလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်မှာ ဗိုလ်လုပွဲအတွက် စနစ်တကျအာရုံစိုက်လေ့ကျင့်ပြင်ဆင်ဖို့ မှာကြားလိုပါတယ်” ဟု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းအားပေးမှုကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်း၊ အသင်းတာဝန်ခံ ဒေါ်နွယ်နီဦးနှင့် ကစားသမားများထံ ဆက်သွယ်ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း ကစားသမားများကလည်း ယခုကဲ့သို့အားပေးဂုဏ်ပြုမှုကြောင့် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ဗိုလ်လုပွဲစဉ်အား နိုင်ငံ့ဂုဏ်မြှင့်တင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့်အတွက် လက်ရှိအချိန်ထိ အမေရိကန်ဒေါ်လာ သုံးသောင်းနှင့် မြန်မာငွေကျပ်သိန်းနှစ်ထောင် ဆုငွေရရှိထားသည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနှင့် ဩစတြေးလျအမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲစဉ်အား ဩဂုတ် ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ Haiphong မြို့ရှိ Lach Tray ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲတိုင်း၌ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ ငါးကြိမ် တက်ရောက်ခဲ့ရာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတို့တွင် နှစ်ကြိမ် ဗိုလ်စွဲခဲ့သည်။

မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် အုပ်စု(ခ)တွင် အုပ်စုပွဲစဉ်များအဖြစ် ဩစတြေးလျ၊ တီမောလက်စတေ၊ ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ဖြင့် အုပ်စုပထမနေရာ ရရှိကာ အကြိုဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ထိုင်းအသင်းကို အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ထိုင်းအသင်းနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သလို ယခုလည်း နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးက ဂုဏ်ယူနေကြကြောင်း သိရသည်။

**မြဝတီ**



**နောင်ချိုမြို့နယ်မှအဆက်**

ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၂ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူ ၃၃ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့ နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ဦးရေ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ မက္ခရာနှင့် ပလိပ်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ ပြန်လည်ပြုပြင်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး





နေပြည်တော် ဩဂုတ် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများအား လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းသည့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီ၊ ဓာတ်တော်၊ စေတီတော်များနှင့် အလှူငွေများကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဥမင်သုံးဆယ်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ဦးခေါင်းတော် ထိခိုက်ပျက်စီးခဲ့သော ဆင်းတုတော်များကို မူလပုံအတိုင်း ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ "စစ်ကိုင်းအစ၊ စေတီလှက" ဆိုသည့်အတိုင်း စေတီလှဘုရား ငလျင်ကြောင့် တစ်ဆူလုံးကြေမွပျက်စီးသွားသည့် အခြေအနေများကိုလည်းကောင်း၊ စေတီလှဘုရားအနီးရှိ ငလျင်ကြောပေါ်တည်ရှိနေ၍ တစ်ဆူလုံး တိမ်းစောင်းကြေမွထိခိုက်ပျက်စီးနေသည့် ရွှေမုဌောဘုရားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပျူကံစေတီအစုသို့ သွားရောက်၍ ကုန်းဘောင်ခေတ် အင်္ဂတေပန်းလက်ရာများ ကျန်ရှိနေသည့် ရှေးဟောင်းစေတီဘုရား ခုနစ်ဆူအား ဂရုတစိုက်ပြုပြင်ထိန်းသိမ်းသွားရန်၊ ရှေးဟောင်းလက်ရာ အင်္ဂတေပန်းများ ကြွခိုင်ရေးပါ ဓာတုဗေဒဆေးဖြင့်ထိန်းသိမ်းရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့ အသင်္ချာ ရိပ်သာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်များ ပြုပြင်ထိန်းသိမ်းရာတွင် ထည့်သွင်းဌာပနာရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်များ၊ ဓမ္မစေတီများကို ပေးအပ်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ၊ စေတီပုထိုး စုစုပေါင်း ၁၁၈ ဆူအနက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ဦးစားပေးအဆင့်အလိုက် အဆင့်များခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအဆင့်ပြုပြင်ရန် ဘုရား ၉၅ ဆူအနက် နှစ်ဆူဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ၁၀ ဆူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် မက္ခရာဒေသရှိ ဆေးဘုရားနှင့် ဘုရားငါးဆူတွင် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော် အလယ်ဌာပနာသွင်းမင်္ဂလာကို ရွှေရောင်တော်ဆရာတော်ကြီးနှင့် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော် ဦးဆောင်၍ ဆောင်ရွက်တော်မူကြပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်တော်မွေတော်များကို ဩဝါဒါစရိယ ဆရာတော်များထံကပ်လှူပြီး ပြုပြင်လျက်ရှိသည့် ဘုရားနှစ်ဆူတွင် ထည့်သွင်းဌာပနာသည်။

ယင်းနောက် ပလိပ်မြို့ မြွေဘုရားပရိဝုဏ်အတွင်းငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံစေတီဘုရားများအား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကိုကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းသောကြေးဗုဒ္ဓဆင်းတုတော်၊ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များ၊ ဝါဆိုသင်္ကန်းနှင့် လှူဒါန်းငွေများကို ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းသည်။

ပလိပ်ဒေသတွင် မန္တလေးငလျင်ကြီးကြောင့် ရှေးဟောင်းဘုရား ၂၉၄ ဆူအနက် ၂၄၉ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်လှူဒါန်းလိုသော အလှူရှင်များ၏ လှူဒါန်းမှု၊ ဂေါပကအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်မှုတို့ဖြင့် မူလဓာတ်ပုံများ၊ အထောက်အထားများအတိုင်း ပြန်လည်ပြုပြင်လျက်ရှိရာ လေးဆူပြုပြင်ပြီးစီးပြီး နှစ်ဆူပြုပြင်နေဆဲဖြစ်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများအား ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဂေါပကအဖွဲ့များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မန္တလေး၊ စစ်ကိုင်းဒေသရှိ ရှေးဟောင်းဘုရားများပြုပြင်ရန် လှူဒါန်းထားခဲ့သည့် အလှူရှင်များအနေဖြင့် မိမိတို့ ဘိုးဘွားမိဘအဆက်ဆက် လှူဒါန်းခဲ့သည့် ရှေးဟောင်းဘုရားများ ထိခိုက်ပျက်စီးမှုရှိ၊ မရှိ သိရှိလိုပါက အထက်ပါဌာနများသို့ဖြစ်စေ၊ myanmar-earthquake.gov.mm Website တွင်ဖြစ်စေ စုံစမ်းမေးမြန်းကြည့်ရှုနိုင်ကြောင်းနှင့် ပျက်စီးမှုပြန်လည်ပြုပြင်လိုပါကလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီးသင်တန်းဆင်းပွဲနှင့် ၁၀ နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်



ရန်ကုန် ဩဂုတ် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီး (Referee)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဦးဋ္ဌေးအောင်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာများ၊ ဒိုင်ချုပ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒိုင်သင်တန်းနည်းပြချုပ် ဦးဖြိုးသူအောင်အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းမှူး ဦးဇော်လွင်ဦးအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က သင်တန်းဆင်းဒိုင်လိုင်စင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမတွင် ၁၀ နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ရတနာရွှေမောင်းကို သုံးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကာ ပထမပွဲစဉ်အဖြစ် (၅၄)ကီလိုတန်းတွင် သိန်းစိုးနှင့် ဆလိုင်းထန်ခွီးရှိန်တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ အနိုင်ရရှိသွားသော ဆလိုင်းထန်ခွီးရှိန်ကို ရွှေခါးပတ်နှင့် လည်ဆွဲကို ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဗိုလ်လုပွဲများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ရာ အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက်အပြပြိုင်ပွဲ၊ အမျိုးသား တစ်ကိုယ်တော်လှံရှည်အပြပြိုင်ပွဲ၊ အမျိုးသမီး တစ်ကိုယ်တော်လှံရှည်အပြပြိုင်ပွဲ၊ အမျိုးသားအတွဲလိုက် (၁+၃) ဓားရှည်ဝိုင်းထွက် ပြိုင်ပွဲ၊ အမျိုးသမီး (၅၀-၅၅)ကီလို ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသား(၅၀-၅၅)ကီလို ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး(၄၅-၄၈)ကီလို အတိုက်ပြိုင်ပွဲ၊ အမျိုးသား(၄၈-၅၃)ကီလို အတိုက်ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုဖလားရရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး အသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ကျောက်စိမ်းခန်းမတွင် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်တို့နှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်များ ရရှိနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများ၊ Joint Training သွားရောက်လေ့ကျင့်နိုင်ရေး၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူသယ်ဆောင်နိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကျရေချို

**ကျော်ဦး**

ပန်းများနိုးကြွ၊ ကကြိုးကအောင်၊ မိုးကရွာပြီ မိုးရွာပြီ။
လယ်မြေစိမ်းမြ၊ လှမျိုးသအောင်၊ မိုးကရွာပြီ မိုးရွာပြီ။
ချောင်းရေစမ်းကျ၊ ဆတိုးကြွအောင်၊ မိုးကရွာပြီ မိုးရွာပြီ။

**တင်မိုး**



ခေါင်မိုးပေါ်မှကျလာသောမိုးရေသည်လည်း ရေချိုအရင်းအမြစ်တစ်ခုဖြစ်သည်။

"မိုးရွာရင်မိုးရေချိုးမယ်" သီချင်းကို လူတိုင်းကြားဖူးကြသည်။ မိုးရေနှင့် မည်သူမျှမကင်းနိုင်ကြပုံကို ဖော်ပြသောသီချင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ အိမ်တိုင်းအိမ်တိုင်းသည် မိုးရေကို တစ်နည်းမဟုတ်တစ်နည်း သုံးဖူးကြသည်။ ဗဟိုရေပေးဝေရေးစနစ်နှင့် အလှမ်းကွာသည့် အိမ်များ၊ ဗဟိုရေပေးဝေရေးစနစ်မှ ရေကိုရယူသော်လည်း မလောက်သည့်အိမ်များတွင် မိုးရေကို ခံယူသုံးစွဲကြသည်။ အိမ်တွင်ရှိသည့် ပုံး၊ ခွက်၊ ကန်စသည်တို့ဖြင့် အဆင်ပြေသလို ခံသုံးကာ ရသမျှဖြင့်ရောင့်ရဲနေကြသော်လည်း ရယူသိုလှောင်ရာ၌ နည်းစနစ်မှန်ကန်လျှင် မိုးရေသည် ရေမလုံလောက်သောနေရာများတွင် သန့်ရှင်းသောရေကောင်းရေသန့်ကို အတိုင်းအတာတစ်ခုအထိ လုံလောက်စွာပေးနိုင်ကြောင်း အောက်ပါတွက်ချက်မှုများအရ သိနိုင်သည်။

## ရနိုင်သောမိုးရေပမာဏ

မိမိတို့အိမ်ခေါင်မိုးမှ တစ်နှစ်အတွင်း ကျလာသည့် မိုးရေပမာဏကိုသိလိုလျှင် အမိုးအကျယ်အဝန်းကို ဒေသတွင်း ရွာကျသည့်မိုးရေချိန်နှင့် မြှောက်ရသည်။


အမိုးအလျား x အမိုးအနံ x မိုးရေချိန် = ရနိုင်သည့်မိုးရေပမာဏ

ဥပမာ- တစ်နှစ်မိုးရေချိန်လက်မ ၁၀၀ ရွာသောရန်ကုန်တွင် အလျားပေ ၄၀၊ အကျယ် ၂၅ ပေရှိသော အိမ်ခေါင်မိုးမှ တစ်နှစ်အတွင်းကျလာသော မိုးရေပမာဏကို တွက်လျှင် -

၄၀ ပေ x ၂၅ ပေ x ၁၀၀ လက်မ = မိုးရေပမာဏ

၄၀ ပေ x ၂၅ ပေ x ၈ ဒသမ ၃ ပေ = ၈၃၀၀ ကုဗပေ = ၅၁၈၇၅ ဂါလန်

မိုးရေများ အမိုးပေါ်ကျရောက်ရာတွင် ဘေးသို့စဉ်ထွက်ခြင်း၊ အမိုးပေါ်၌ တင်ကျန်နေခြင်း၊ အငွေ့ပြန်ခြင်းစသည်တို့ကြောင့် တွက်ချက်ရရှိသည်ထက် လက်တွေ့တွင်ရေအရနည်းသည်။ မည်မျှလျော့နည်းဆုံးရှုံး၍ မည်မျှစီးကျလာသည်ကိုသိရန် အမိုးပစ္စည်းပေါ်မူတည်၍ သတ်မှတ်ထားသော "ရေစီးကိန်း"နှင့် မြှောက်ရသည်။ သွပ်၊ အုတ်ကြွပ်ကဲ့သို့ ပြောင်ချောမျက်နှာပြင်ရှိသည့် ပစ္စည်း၏ "ရေစီးကိန်း"သည် သုည ဒသမ ၈ ဖြစ်သည်။ အမိုးပေါ်မိုးရေဂါလန် ၁၀၀၀ ရွာကျလျှင် ဂါလန် ၈၃၀ သာ အောက်သို့ စီးကျလာသည့် သဘောဖြစ်သည်။




ရနိုင်သောရေပမာဏကိုသိရန် ခေါင်မိုးအကျယ်အဝန်းကိုတွက်ရာ၌ ခေါင်အုပ်မှ တံစက်မြိတ်အထိ လျှောစောက်ဆင်းလာသည်ကိုထည့်မတွက်ရဘဲ ပုံပါအတိုင်း အပေါ်မှစီးကြည့်လျှင်မြင်ရသည့် ရေပြင်ညီဧရိယာကိုသာတွက်ရသည်။

သက်ငယ်စသည့် မညီညာကြမ်းတမ်းသောမျက်နှာပြင်ပစ္စည်း၏ "ရေစီးကိန်း" သည် သုည ဒသမ ၄ ခန့်ရှိသည်။ ရေစီးကိန်းမြင့်မားလေ စီးကျလာသောရေပမာဏများလေဖြစ်သည်။ တွက်ချက်မှုပါ အိမ်အမိုးသည် သွပ်မိုးဖြစ်ပါက ၅၁၈၇၅ ဂါလန် x သုည ဒသမ ၈ = ၄၁၅၀၀ ဂါလန်ရပြီး သက်ငယ်မိုးဖြစ်ပါက ၅၁၈၇၅ ဂါလန် x သုည ဒသမ ၄ = ၂၀၇၅၀ ဂါလန်ရမည်။

တစ်နှစ်ရေဂါလန် ၂၀၀၀၀ ကျော်သည် တစ်ရက်ဂါလန် ၅၀ ကျော်ဖြစ်၍ မိသားစုတစ်စု၏ သောက်ရေအတွက် ဖူလုံသည်သာမက သန့်ရှင်းဆေးကြောရန်အတွက်ပါ တစ်စိတ်တစ်ပိုင်းပြေလည်နိုင်သည်။


အောက်ပါဇယားတွင် သွပ်မိုးအိမ်တစ်လုံး၏အမိုးမှ တစ်နှစ်အတွင်း ခံယူရရှိနိုင်သည့်ရေပမာဏကို တွက်ချက်ပြထားသည်။ ဇယားအရ တစ်နှစ် မိုးရေချိန် လက်မ ၂၀ ရွာသောဒေသရှိ စတုရန်းပေ ၄၀၀ သို့မဟုတ် ပေ ၂၀ ပတ်လည်အမိုးတစ်ခုမှပင် တစ်နှစ် မိုးရေဂါလန် ၃၀၀၀ ကျော်မျှရရှိနိုင်ရာ မိုးရေခံယူအသုံးချခြင်းကို နေရာတိုင်းတွင် လုပ်ဆောင်သင့်နေသည်။

| မိုးရေချိန်နှင့်အမိုးဧရိယာအလိုက်ရနိုင်သောမိုးရေဂါလန် | | | | | |
|---|---|---|---|---|---|
| အမိုးဧရိယာ (စတုရန်းပေ) | တစ်နှစ်မိုးရေချိန်(လက်မ) | | | | |
| | ၂၀ | ၆၀ | ၁၀၀ | ၁၂၀ | ၁၅၀ |
| ၄၀၀ | ၃၃၃၃ | ၁၀၀၀၀ | ၁၆၆၆၇ | ၂၀၀၀၀ | ၂၅၀၀၀ |
| ၆၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ |
| ၈၀၀ | ၆၆၆၇ | ၂၀၀၀၀ | ၃၃၃၃၃ | ၄၀၀၀၀ | ၅၀၀၀၀ |
| ၁၀၀၀ | ၈၃၃၃ | ၂၅၀၀၀ | ၄၁၆၆၇ | ၅၀၀၀၀ | ၆၂၅၀၀ |
| ၁၂၀၀ | ၁၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၇၅၀၀၀ |
| ၁၅၀၀ | ၁၂၅၀၀ | ၃၇၅၀၀ | ၆၂၅၀၀ | ၇၅၀၀၀ | ၉၃၇၅၀ |
| ၂၀၀၀ | ၁၆၆၆၇ | ၅၀၀၀၀ | ၈၃၃၃၃ | ၁၀၀၀၀၀ | ၁၂၅၀၀၀ |
| ၂၅၀၀ | ၂၀၈၃၃ | ၆၂၅၀၀ | ၁၀၄၁၆၇ | ၁၂၅၀၀၀ | ၁၅၆၂၅၀ |
| ၃၀၀၀ | ၂၅၀၀၀ | ၇၅၀၀၀ | ၁၂၅၀၀၀ | ၁၅၀၀၀၀ | ၁၈၇၅၀၀ |
| ၃၅၀၀ | ၂၉၁၆၇ | ၈၇၅၀၀ | ၁၄၅၈၃၃ | ၁၇၅၀၀၀ | ၂၁၈၇၅၀ |

## အမှိုက်နှင့်အမှုန်

အိမ်ခေါင်မိုးပစ္စည်းအဖြစ် သွပ်မိုး၊ အုတ်ကြွပ်မိုး၊ သက်ငယ်မိုးအပြင် ကျောက်ပြားမိုး၊ ပလတ်စတစ်အမိုး စသည်ဖြင့်အမျိုးမျိုးသုံးကြသည်။ မိုးရေသည် ပင်ကိုကပင် အက်စစ်ဓာတ်ကဲသောသဘောရှိရာ အမိုးပြားမှသုတ်ဆေးအမှုန်များ၊ သံချေးနှင့်အခြားအမှုန်များသည် မိုးရေတွင် အလွယ်တကူပျော်ဝင်လာပြီး ကျန်းမာရေးကို အန္တရာယ်ပြုနိုင်သည်။ အထူးသဖြင့် အပွန်းအပဲ့ပါသော ကျောက်အမိုးပြားတို့မှ ဆင်းလာသော မိုးရေတွင် ကျောက်ဂွမ်းအမှုန်များ ရောယှက်လာတတ်သည်။

မည်သည့်ပစ္စည်းကို သုံးထားသော အမိုးဖြစ်စေ၊ မိုးတစ်ကြိမ်နှင့် တစ်ကြိမ်ကြားတွင် အမှိုက်များ၊ ဖုန်မှုန့်များ၊ ငှက်မစင် စသည့်အညစ်အကြေးများ တင်ကျန်နေသည်။ မိုးပြတ်ပြီးနောက် ပြန်ရွာသောအခါ ယင်းအညစ်အကြေးများ ရောယှက်ပါဝင်လာသဖြင့် ဦးစွာခံယူရရှိသော မိုးရေများကို အမှုန်နှင့် အမှိုက်တို့ကို ဖယ်ရှားပေးသည့်ရေလွှဲပိုက်တိုထဲသို့စီးဝင်စေကာ စစ်ထုတ်ပြီး အမှုန်နှင့်အမှိုက်များကုန်မှ သိုလှောင်ကန်ထဲထည့်ရသည်။ မိုးတိတ်သောအခါ ပိုက်တိုတွင်ပါသည့်ပလတ်ကို ဖွင့်လိုက်ခြင်းဖြင့် အမှိုက်ပါသောရေများကို ထုတ်ပစ်ရသည်။




ရေတံလျှောက်နှင့်ဆက်ထားသောပိုက်တွင် ဘောလုံးထည့်ထားသည့်ရေလွှဲပိုက်တိုခံထားခြင်းဖြင့် အမှိုက်နှင့်အမှုန်ပါသောရေများ ပိုက်တိုထဲသို့စီးဝင်ကျန်ရစ်သည်။ အမှိုက်ပါသည့်ရေများပြည့်သည့်အခါ ဘောလုံးကဆီး၍ပိတ်လိုက်သဖြင့် ရေကြည်များကန်ထဲသို့ ဆက်စီးသည်။ မိုးတိတ်သောအခါ ပိုက်တိုအောက်ဘက်ရှိ ပလတ်ကိုဖွင့်၍ အမှိုက်နှင့်အမှုန်များကို ထုတ်ပစ်နိုင်သည်။

## ရေဆင်းပိုက်

ရေတံလျှောက်မှ စီးကျလာသည့် ရေများကိုခံယူသော ပိုက်အရွယ်အစား မှန်ကန်ဖို့ကလည်း အရေးကြီးသည်။ ပိုက်အရွယ်လိုသည်ထက် ပို၍ကြီးလျှင် ကုန်ကျစရိတ်များသည်။ သေးလွန်းလျှင် မိုးရေများလျှံထွက်ဆုံးရှုံးမည်။ အနေတော်ပိုက်ကို အောက်ပါဇယားဖြင့် ရွေးချယ်အသုံးပြုသင့်သည်။

| မိုးရေချိန်နှင့်အမိုးဧရိယာအလိုက် သုံးသင့်သောရေဆင်းပိုက်အချင်း | | |
|---|---|---|
| ပိုက်အချင်း (လက်မ) | တစ်နာရီပျမ်းမျှမိုးရေချိန်(လက်မ) | |
| | ၂ | ၃ |
| ၂ | ၁၅၀၁ | ၁၀၀ |
| ၂.၅ | ၂၅၀ | ၁၇၅ |
| ၃ | ၄၅၀ | ၃၀၀ |
| ၄ | ၉၀၀ | ၆၀၀ |

အမိုးပေါ်မှပါလာသော အမှိုက်များ ပိတ်ဆို့မှုမရှိစေရန် မိုးရေချိန်နည်းသော်လည်း အနည်းဆုံး နှစ်လက်မပိုက်များကိုသာ သုံးသင့်သည်။

## သိုလှောင်ကန်

အမိုးပေါ်မှကျလာသော ရေများကို တစ်နှစ်ပတ်လုံးခံယူလျှင် မိုးနည်းဒေသများတွင်ပင် ရေဂါလန်ထောင်သောင်းချီ၍ရနိုင်သော်လည်း ယင်းပမာဏကို သိုလှောင်သည့် ရေကန်ဆောက်လုပ်ရန် ငွေကြေးနှင့် နေရာအခက်အခဲရှိမည်ဖြစ်၍ လိုအပ်သည့်ရေပမာဏ၊ တတ်နိုင်သည့် ငွေကြေး၊ ပေးနိုင်သည့်နေရာအကျယ်အဝန်းတို့ကို ထည့်သွင်းစဉ်းစားပြီး ရေကန်အကြီးအသေး တွက်ချက်ဖို့လိုသည်။

လူငါးဦးနေသည့်အိမ်တွင် သောက်ရေနှင့်ချက်ပြုတ်ရေအတွက် မိုးရေလှောင်ကန်ကိုသာ မှီခိုသုံးစွဲမည်ဟုယူဆလျှင် တစ်ဦးနှစ်ဂါလန်နှုန်းဖြင့် တစ်ရက် ၁၀ ဂါလန်လိုအပ်သည်။ မိုးအခါတွင် ကန်သည် ရေဝင်လိုက်၊ သုံးလိုက်၊ ပြန်ပြည့်လိုက် ဖြစ်နေမည်။ နှစ်တစ်နှစ်၏နိုဝင်ဘာလမှ မေလအထိ မိုးရေလုံးဝမရဟုယူဆပါက ခုနစ်လ သို့မဟုတ် ရက်ပေါင်း ၂၀၀ ခန့်အတွက် ရေသိုလှောင်ရမည်။

၅ ဦး x ၂ ဂါလန် x ၂၀၀ ရက် = ၂၀၀၀ ဂါလန်

ထို့အတူ လူ ၅၀၀ နေသည့်ရပ်ကွက်တစ်ခုအတွက် လုံလောက်သော သောက်ရေကို စုဆောင်းသိုလှောင်ရန် ဂါလန်နှစ်သိန်းဆံ့ရေကန်ကို ဆောက်ရမည်။ ဝင်ငွေများသူတို့မှအပ အများအားဖြင့် ထိုမျှကြီးမားသောရေကန်ကို ဆောက်ရန် တစ်ဦးချင်းဖြစ်စေ၊ ရပ်ကွက်၊ ကျေးရွာအလိုက်ဖြစ်စေ လက်တွေ့တွင် အခက်အခဲရှိသည့်အတွက် တတ်နိုင်သော

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

ငွေကြေး၊ ပေးနိုင်သည့်နေရာတို့ကို ချိန်ဆတွက်ချက်၍ ဖြစ်နိုင်သလောက် အရွယ်ကြီးသောကန်ကိုဆောက်ရသည်။



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ရေကန်တစ်ခု၊ ကန်အမိုးပေါ်သို့ ရွာကျသောမိုးရေကို ပိုက်ဖြင့်ကန်တွင်းသို့ဝင်စေ၍ ရေသိုလှောင်ပြီး နွေအခါ သောက်ရေအဖြစ် အသုံးပြုသည်။


ရေကန်ကို ပလတ်စတစ်၊ သံပြား၊ သံကူကွန်ကရစ် စသည့်ပစ္စည်းအမျိုးမျိုးဖြင့်တည်ဆောက်နိုင်သော်လည်း အိမ်သုံးအတွက်ဆိုလျှင် ကုန်ကျစရိတ်မများလွန်းသည့်အပြင် တည်ဆောက်ထိန်းသိမ်းရန်လွယ်ကူသော အုတ်ကန်ကို ဦးစားပေးစဉ်းစားဆောက်လုပ်ကြသည်။

မိုးရေလှောင်ကန်ကို မြေပေါ်တွင်ရော မြေအောက်တွင်ပါ ဆောက်လုပ်နိုင်သည်။ မြေအောက်ကန်၏ အားသာချက်များမှာ ကန်တွင်းရှိရေဖိအားကို ကန်ပတ်လည်မြေကြီးက ကန်ထားပေးနိုင်သဖြင့် ကန်နံရံကို မြေပေါ်ကန်ထက်ပို၍ ပါးလွှာစွာဆောက်လုပ်နိုင်သည်။ မြေအောက်ကန်သည် မြေပေါ်ကန်ကဲ့သို့ အပူအအေးကြောင့် ကားထွက်ခြင်း၊ ကျုံ့ခြင်းတို့ မပေါ်ပေါက်သဖြင့် ပို၍တာရှည်ခံသည်။ မြေအောက်ကန်ထဲရှိရေသည် မြေပေါ်ကန်ရေထက်ပို၍အေးမြသည်။ မြေအောက်တွင်ရှိ၍ ခေါင်မိုးပေါ်ကျသည့်ရေအပြင် မြေပြင်ပေါ်ကျသည့် မိုးရေကိုပါစုဆောင်းသိုလှောင်နိုင်သည်။ မြေပြင်သည် သွပ်မိုးစသည်တို့ကဲ့သို့ မချောမွေ့သောကြောင့် "ရေစီးကိန်း"သည် သွပ်မိုးရေစီးကိန်းထက် များစွာလျော့နည်းသဖြင့် မြေအောက်ကန်ထဲဝင်နိုင်သည့်ရေပမာဏသည် ဧရိယာတူသွပ်မိုးပေါ်ကျသည့် ရေထက်တစ်ဝက်မကနည်းသည်ဟု ယူဆတွက်ချက်သင့်သည်။

မြေအောက်ကန်၏ အားနည်းချက်များမှာ မြေပြင်တစ်လျှောက်စီးလာသောရေသည် အမိုးပေါ်မှကျလာသောရေထက် ယေဘုယျအားဖြင့် အရည်အသွေးနိမ့်သည်။ ကန်ယိုစိမ့်မှုဖြစ်လျှင် သိရန်မလွယ်သည့်အပြင် ပြင်ဆင်ဖာထေးရန်ခက်သည်။ ဘေးပတ်လည် မြေကြီးထဲမှ ညစ်ညမ်းရေများဝင်နိုင်သည်။ ကန်ကို ဆေးကြောလို၍ ကန်ထဲမှရေထုတ်ယူလျှင် မြေပေါ်ကန်ထက်ပိုခက်သည်။

### ကျန်းမာရေးရှုထောင့်

ရေကန်ထိန်းသိမ်းခြင်းဟုဆိုရာတွင် ခိုင်ခံ့မှုတစ်ခုတည်းမဟုတ်ဘဲ ကျန်းမာရေးနှင့်ညီညွတ်စွာ ရေသိုလှောင်ရန်လည်း အရေးကြီးသည်။ ခေါင်မိုးပေါ်မှကျလာသည့်မိုးရေတွင် ရောပါလာသောအမှိုက်နှင့်အမှုန်များကိုဖယ်ရန် ရေဆင်းပိုက်တွင် အနည်ထုတ်ပိုက်တို့ကိုသုံးသည့် အပြင် ရေလှောင်ကန်အဝင်၌ အနည်ထိုင်ကန်၊ ရေစစ်ကန်ကိုလည်း ထားနိုင်လျှင်ကောင်းသည်။ ဖော်ပြပါအနည်ထိုင် ရေစစ်ကန်တွင် အခန်းနှစ်ခန်းပါသည်။ မိုးရေသည် ပထမကန်ထဲသို့ ဦးစွာဝင်ပြီး ပါလာသောအနည်အချို့ထိုင်ကျန်ရစ်၍ ဒုတိယကန်ထဲဆက်ဝင်သည်။ ယင်းကန်ရှိ သဲလွှာသည် အရွယ်သေး အနည်များအပြင် ဗက်တီးရီးယားအချို့




ရေစစ်ကန်တစ်ခု

ကိုပါ ဖယ်ရှားပေးနိုင်စွမ်းရှိသည်။ ရေစစ်ကန်ကို ပုံပါအတိုင်းသာမဟုတ် အခြားသောနည်းများဖြင့်လည်း တည်ဆောက်နိုင်သည်။

ရေစစ်ကန်ထားရှိခြင်းအပြင် မိုးရေလှောင်ကန်များတွင် စတင်ရေမထည့်မီ အတွင်းနံရံများကို ကလိုရင်းရည်ဖြင့် ဆေးကြောကာ ရောဂါပိုးမွှားများအား ဖယ်ရှားသင့်သည်။ ကလိုရင်းဆေးရည်ဖော်စပ်ရန် ဘလိချင်းပေါင်ဒါ ခေါ် ကယ်လ်စီယမ် ဟိုက် ပိုကလိုရိုက် ကို အသုံးပြုရသည်။ ဘလိချင်း ပေါင်ဒါသည် ကလိုရင်း ၂၄ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်း ပါသော မဖောက်ထုံးဖြင့် ရောစပ်ထားသည့်ဆေးမှုန့်ဖြစ်သည်။

ကလိုရင်းဆေးဖော်စပ်ရာတွင် ဘလိချင်းပေါင်ဒါကို မုန့်နှစ်ရည်ကဲ့သို့ပျစ်အောင် ရေအနည်းငယ် လောင်းထည့်ရသည်။ မုန့်နှစ်ရည်ကဲ့သို့ ဖြစ်သွားလျှင် ရေထပ်ထည့်၍ ဆက်မွှေပြီးနောက် ရေကန်အတွင်းနံရံများကို သုတ်လိမ်းရသည်။ သုတ်လိမ်းပြီး အနည်းဆုံး နာရီဝက်မျှထားပြီးမှ ရေထည့်သင့်သည်။

စသုံးပြီး အနည်းဆုံးတစ်နှစ်တစ်ကြိမ် ကလိုရင်းရည်ဖြင့် ဆေးကြောရမည် သို့မဟုတ် တစ်နည်းနည်းနှင့် ရောဂါပိုးပါသောရေများဝင်ရောက်ပါက သို့မဟုတ် ဝင်ရောက်သည်ဟု သံသယရှိပါက ကလိုရင်းခတ်ခြင်းဖြင့် ရောဂါပိုးများကို ဖယ်ရှားနိုင်သည်။

ရေရှိနေသော မိုးရေလှောင်ကန်များအား ဆေးခတ်ရာတွင် ကန်တွင်းရှိ ရေပမာဏ ဂါလန် ၁၀၀၀ လျှင် ဘလိချင်းပေါင်ဒါဆေးမှုန့် အောင်စဝက်မှ ၁ အောင်စအတွင်းထည့်နိုင်သည်။ အလွယ်ပြောရလျှင် စားပွဲဇွန်းတစ်ဇွန်းမှ နှစ်ဇွန်း သုံးသင့်သည်။ ဖျော်ထားသောဘလိချင်းပေါင်ဒါဆေးရည်ကို ရေပုံးထဲလောင်းချပြီး မွှေတံဖြင့်သမအောင်မွှေကာ ရေပုံးကို ကြိုးချည်၍ ရေကန်တွင်းချရသည်။ ရေပုံးအား ရေမျက်နှာပြင်အောက် နှစ်ပေခန့်မြုပ်သည်အထိနှစ်ထားပြီး တစ်နေရာလျှင် လေးငါးခါခန့် ဆွဲတင်လိုက်နှစ်ချလိုက် ရေကန်နေရာအနှံ့ပြုလုပ်ရသည်။ ပြီးလျှင် ရေပုံးကိုပြန်ဆွဲတင်ပြီး ရေပုံးအတွင်းရှိ ကလိုရင်းဆေးရည်များကို ရေကန်ထဲသို့ ဖြည်းညင်းစွာလောင်းချ၍ အနည်းဆုံးမိနစ် ၃၀ မျှ ထားရသည်။

ကလိုရင်းဆေးခတ်ရာတွင် ရောဂါပိုးများအားထိရောက်စွာဖျက်ဆီးပစ်နိုင်မှုရှိ၊ မရှိကို ဆေးခတ်ပြီးသောရေတွင် ကလိုရင်းအကြွင်း ရှိ၊ မရှိ စမ်းသပ်ခြင်းဖြင့် သိနိုင်သည်။ ကလိုရင်းဆေးခတ်ပြီးတိုင်း ခတ်ပြီး နာရီဝက်ကြာသောအခါ ဆေးမကိုင်တွယ်ရသေးသောလက်ဖြင့် ခပ်ယူနမ်းကြည့်ရသည်။ ကလိုရင်းအကြွင်းရှိ၍ ကလိုရင်းနံ့ရလျှင် ပိုးများကိုဖယ်ရှားပြီးဟု ယူဆရနိုင်သည်။ ကလိုရင်းနံ့ပြယ်နေလျှင် ရောဂါပိုးဖယ်ရှားမှုစိတ်မချရသေးဟုယူဆ၍ နောက်တစ်ကြိမ် ဆေးထပ်ခတ်ရသည်။

သောက်ရေကန်ကို ကလိုရင်းဖြင့် ဆေးခတ်ခြင်းအပြင် အဖုံးဖုံးထားရန်လည်း လိုအပ်သည်။ အဖုံးမဲ့သောက်ရေကန်များသို့ အညစ်အကြေးများ အလွယ်တကူဝင်ရောက်နိုင်သည့်အပြင် ခြင်များ ပေါက်ပွားရာနေရာလည်း ဖြစ်သွားတတ်ကြောင်း သတိပြုသင့်သည်။

### ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များ

သောက်ရေကန်များကို လေးထောင့်ပုံ၊ အဝိုင်းပုံစသည်ဖြင့် အမျိုးမျိုးဆောက်လုပ်ကြသည့်အနက် ထိုင်းနိုင်ငံရှိ မိုးရေလှောင်ကန်များသည် ပုံသဏ္ဍာန်ထူးခြားသည်သာမက အောင်မြင်မှုလည်း ထူးခြားစွာရရှိသည်။

ထိုင်းအစိုးရသည် မိုးရေအသုံးချရာတွင် အစဉ်အလာရှိပြီးသော ထိုင်းလူမျိုးတို့ကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာနှင့် စနစ်ကျစွာသုံးကြရန် အစီအမံတစ်ခုကို ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သည်။ ယင်းအစီအမံအရ ထိုင်းအစိုးရက "ရာဝင်အိုး"ကြီးများပုံစံရှိသော မိုးရေလှောင်ကန်တည်ဆောက်နည်းသင်တန်းများကို ကြီးမှူးဖွင့်လှစ်ပို့ချရာ တစ်ရွာလျှင် သင်တန်းသားနှစ်ဦးစီ စေလွှတ်သင်ယူကာ ရွာပြန်အရောက်တွင် ကျန်ရွာသားများကို ဆင့်ပွားသင်တန်းများပို့ချ



ထိုင်းကျေးလက်ရှိ မိုးရေလှောင်ကန်များ

ခြင်းဖြင့် ကိုယ်တိုင်တည်ဆောက်ထိန်းသိမ်းတတ်စေသည်။ အရွယ်အစားငယ်သောရေအိုးများသည် မြေအိုးများဖြစ်ကာ အိုးကြီးများ သို့မဟုတ် ကန်များကို "ဖယ်ရိုစီးမင်း"ဖြင့် လုပ်သည်။ "သံကူအခွံပါးကွန်ကရစ်"ဟု ခေါ်နိုင်သည့် ယင်းနည်းပညာသည် ဘိလပ်မြေနှင့်သဲကို အချိုးကျရောစပ်ပြီး အားဖြည့်သံဆန်ခါခွက်နှင့် သံချောင်းများကိုငုံ၍ အိုး၊ ကန် စသည်တို့လုပ်သော နည်းပညာဖြစ်သည်။ မိုးရေလှောင်ကန်ထားရှိလိုသည့် အိမ်ထောင်စုများအတွက် ကုန်ကျစရိတ်၏ သုံးပုံနှစ်ပုံခန့်ကို အစိုးရကထုတ်ပေးသည်။

အစိုးရက ထောက်ပံ့အားပေးသည့် အပြင် အဖွဲ့အစည်းများ၊ တက္ကသိုလ်များက ရွာတိုင်း၊ မြို့တိုင်းတွင် မိုးရေလှောင်ကန်များသုံးကြရန် လှုံ့ဆော်ကြသည်။ တတ်နိုင်သူတို့က အလှူငွေများ ထည့်ဝင်ကြသည်။ တစ်ဦးချင်း၊ မိသားစုအလိုက်၊ ရပ်ရွာအလိုက် စိတ်အားတက်ကြွစွာ ပါဝင်ကြသဖြင့် ကိုယ်တိုင်လုပ်မိုးရေလှောင်ကန်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ရေကန်များကို ထုတ်လုပ်ရောင်းချသည်။ အသုံးများကာ အရောင်း



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်လုပ်သော ဖယ်ရိုစီးမင်းရေကန်များ




ဖယ်ရိုစီးမင်းရေကန်

တွင်သဖြင့် အရေအတွက် အမြောက်အမြားထုတ်နိုင်၍ ဈေးနှုန်းသင့်တင့်စွာ ရောင်းချနိုင်ခြင်းက ရေကန်ကိုပို၍သုံးကြရန် တွန်းအားတစ်ခုဖြစ်သွားသည်။ အစိုးရက ထပ်ဆင့်အားပေးသည့်အနေဖြင့် အိမ်ထောင်စုအားလုံး မိုးရေလှောင်ကန်တည်ဆောက်အသုံးပြုသော ပြည်နယ်များကို "ရွှေရေကန်ဆု"ချီးမြှင့်သည်။

ထိုင်းနိုင်ငံ မိုးရေလှောင်ကန်အသုံးချရေးအစီအစဉ်သည် ကမ္ဘာပေါ်တွင် မိုးရေလှောင်ကန်အများဆုံးသုံးသော နိုင်ငံအဖြစ် အသိအမှတ်ပြုခံရသည်အထိ အောင်မြင်မှုရခဲ့သည်။

**စာမျက်နှာ ၂၀ သို့**

# ဝန်ထမ်းအိမ်ရာများနှင့် Container Houses များတွင် နေရာချထားမှု ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး လှည့်လည်ကြည့်ရှု





**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ်နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်စာရင်းစစ်ရုံးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန်လေးစားမှုများ ထားရှိဆောင်ရွက်ရေး၊ အဂတိကင်းရှင်းစွာဖြင့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး၊ အထက်အောက်အဆင့်ဆင့် ထိတွေ့ပြီး တွေ့ကြုံရသောအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် လျှောင်ဘေးဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးထိခိုက်ခဲ့မှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရုံးလုပ်ငန်း စီမံဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ နေပြည်တော်စာရင်းစစ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် အဖွဲ့သည် လျှောင်ဘေးဒဏ်သင့် ဝန်ထမ်း ၂၁ ဦးတို့ကို ထောက်ပံ့ငွေများ ပေးအပ်ကြပြီး ထိခိုက်ပျက်စီးသည့် ဝန်ထမ်းအိမ်ရာများနှင့် Container Houses များတွင် နေရာချထားမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၇**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၉ မှအဆက်**

၁၉၈၂ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်အတွင်း မိုးရေလှောင်ကန်လုံးရေရှစ်သန်းတည်ဆောက်ခဲ့ရာ ၁၉၈၆ ခုနှစ်တစ်နှစ်တည်းတွင်ပင် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ပြည်နယ်များတွင် ရေကန်လုံးရေနှစ်သန်းနီးပါး ထုတ်လုပ်ရောင်းချခဲ့ရသည်။ နောက်ပိုင်းတွင် ဂါလန် ၂၀၀ မှ ၄၀၀ အထိဆံ့သောကန်ပေါင်း ၁၀ သန်းခန့်ရှိလာသည်။ အသုံးအများဆုံးမှာ ဘတ်ငွေ ၇၅၀ ကုန်ကျသည့် ဂါလန် ၄၀၀ ဆံ့ကန်များဖြစ်သည်။

ရေသန့်ဘူး အသုံးများလာသော ယနေ့ခေတ် ရောက်သည့်တိုင်အောင် ၂၀၁၂ ခုနှစ် လေ့လာချက်အရ ထိုင်းကျေးလက်လူထု၏ ၄၂ ရာခိုင်နှုန်းသည် သောက်ရေအတွက် မိုးရေလှောင်ကန်များကို အသုံးပြုနေကြဆဲဖြစ်ကြောင်း သိရသည်။

**မြန်မာနိုင်ငံရှိ မိုးရေလှောင်ကန်များ**

ထိုင်းနိုင်ငံကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ရှေးအခါကတည်းကပင် စဉ့်အိုးကြီးများ၊ မြေအိုးများ၊ ပုံးများ၊ စည်ပိုင်းများစသည်တို့နှင့် မိုးရေသိုလှောင်အသုံးပြုမှုများ ရှိသည်။ သို့သော် အိမ်နီးချင်း ထိုင်းနိုင်ငံကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်အသုံးချရန် လိုအပ်နေသေးသည်။ စဉ့်အိုးအသုံးပြုခြင်းသည် ရှေးခေတ်က မည်သည့်ပြဿနာမှမကြားရခဲ့သော်လည်း စက်မှုထွန်းကားလာသော ယခုခေတ်တွင် စက်ရုံများမှထွက်သော ဓာတ်ငွေ့များကြောင့် အချို့ဒေသများတွင် အက်စစ်ကဲသောမိုးရေများ ရွာသွန်းနေရာ အိုးအသားတွင်ရှိနေနိုင်သော ခဲ၊ အာဆင်းနစ်စသည်တို့ သောက်ရေတွင် ပျော်ဝင်ကာ လူ့ကျန်းမာရေးကို ထိခိုက်နိုင်သဖြင့် အန္တရာယ်ရှိ၊ မရှိသုတေသနပြုရန်လိုအပ်သည်။

စဉ့်အိုး၊ မြေအိုး စသည်တို့နေရာတွင် အစားထိုးသုံးနိုင်သည့် ထိုင်းနိုင်ငံ “ဖယ်ရိစီးမင်း” မိုးရေလှောင်ကန်များကဲ့သို့ ကန်ငယ်များကို မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စတင်ထုတ်လုပ်၍ ရုံးအဆောက်အအုံများအတွက် ရေလှောင်ကန်အဖြစ်အသုံးပြုနေသည်ဟု သိရသည်။ ဂါလန် ၂၃၀ ဆံ့ ဖယ်ရိစီးမင်းကန်သည် ငွေ ၇၀၀၀၀ ခန့်ကျသင့်သဖြင့် အခြားပစ္စည်းသုံး အရွယ်တူကန်များထက် ဈေးသက်သာသည်။

ဖယ်ရိစီးမင်းကန်များသည် ကုန်ကျစရိတ်သက်သာသည့်အပြင် ရေရှည်လည်းခံကာ တည်ဆောက်ရလည်း လွယ်ကူသည့်အတွက် အခြားအခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ အချို့ဒေသများတွင် ဌာနအဖွဲ့အစည်းများ၏အစီအစဉ်ဖြင့် အများအပြားဆောက်လုပ်နေသည်။ အိမ်သုံး၊ ရုံးသုံးအတွက်သာမက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၏သောက်ရေအတွက် ဂါလန်ထောင်သောင်းဆံ့သော အဝိုင်းပုံကန်များကိုပါ အောင်မြင်စွာ တည်ဆောက်အသုံးပြုနေကြသည်။ ဂါလန် ၃၀၀၀ ဆံ့ ဖယ်ရိုစီးမင်းကန်ကို တည်ဆောက်လျှင် စုစုပေါင်းကျပ် ၁၇ သိန်းမျှကုန်ကျသည်ဟု သိရသည်။ ကွန်ကရစ်ကန်၊ ဖိုက်ဘာကန်တို့ထက် ဈေးသက်သာသည်။ သုံးစွဲသူများကလည်း သောက်ရေကို အဆင်ပြေစွာ ရရှိသဖြင့် ကျေနပ်ကြပြီး ကန်ထိန်းသိမ်းရေးကို စိတ်ပါလက်ပါ လုပ်ဆောင်ကြသည်ဟု သိရသည်။ ။

☆ **ကျောဖုံးမှအဆက်**

ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ် ၁၁ မေဇင်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် ISPE FC အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တတိယဆုရရှိသည့် THUNDER TIGRESSES FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် DIVINE FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် YRG FC အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကျင်းပ



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၇**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ပဲ၊ဆေးနှင့်ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်၊ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသောသံဃာတော်များကြွရောက်တော်မူကြပြီးကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသောဆွမ်းဆန်တော်နှင့်ဆီ၊ဆား၊ပဲ၊ဆေးများအား ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်ဦးဆောင်၍ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်အလှူရှင်များကအသီးသီး ပေးအပ်လှူဒါန်းကြရာစစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ အရာရှိကြီးတစ်ဦးက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးသံလမ်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နေပြည်တော်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှု အစုစုမှာ အလှူငွေကျပ်၂၁၈ သိန်း ၈ သောင်း၊ ဆန် ၇၄၇ အိတ်၊ ဆီ ၃၁၈ ပိဿာ ၂၀ ကျပ်သား၊ပဲ၂၁၈၂ပိဿာ၊ဆား၂၁၈၂ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးတို့ကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (ျပန်)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၆)သို့တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအားကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိနယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ျပန်)



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား ကြိုဆိုပွဲကျင်းပစဉ်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၇ ရက် ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

**ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူ ထုတ်လုပ်ရောင်းချမှုကွင်းဆက် ပြတ်လပ်သွားနိုင်

**ရန်ကုန် ဩဂုတ် ၁၇**

ငါးဈေးကွက်သို့ အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှုကွင်းဆက်ပြတ်လပ်နိုင်သည့်အပြင်ရေရှည်တွင်ဝယ်ယူစားသုံးမှုကိုလည်း ထိခိုက်နိုင်ကြောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးမှ သိရသည်။

ရေငန်ထွက်ကုန် စတင်ဝင်ရောက်ခဲ့သည့် ဇူလိုင်လပထမပတ် မတိုင်မီ ရေချိုထွက်ကုန်များ ဈေးကောင်းခဲ့ပြီး ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးရှိ ငါးကန်များသည်ဈေးကောင်းရရှိခြင်း၊ ဆက်လက်မွေးမြူမှု အစာစရိတ်ချွေတာလိုခြင်းနှင့် ရာသီဥတုကြောင့် ငါးကန်များပျက်စီးဆုံးရှုံးမှုကို ရှောင်ရှားလိုခြင်းတို့ကြောင့် အချိန်မရောက်မီ ငါးကန်များကိုဖော်ကြရာ အရွယ်မတိုင်မီငါးများ ရွှေပိတောက်ငါးဈေးနှင့် ဇဟိုစံပြငါးဈေးသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

“အရင်လို ဆိုဒ်ကြီးအရွယ်အထိ မမွေးတော့ပဲ ဆိုဒ်သေးတွေ ဈေးကွက်ကို ပို့နေတာကြာပြီ။ သူတို့အတွက်မြတ်ပြီး အခြားကုန်ကျစရိတ်တွေလည်း လျှော့ချရာရောက်တယ်။ ဒါပေမယ့် အရင်လိုစားသုံးမှုနဲ့ ထုတ်လုပ်မှုပုံမှန်အတိုင်း လည်ပတ်တော့မှာမဟုတ်တဲ့အတွက် ငါးထုတ်လုပ်မှုကွင်းဆက် ပြတ်သွားနိုင်ပါတယ်။ ပုံမှန်အတိုင်းဆိုရင် ၁၀ လ၊ တစ်နှစ်မွေးပြီးမှ ထုတ်လုပ်တာကို လေး၊ ငါးလနဲ့ထုတ်ရောင်းလာကြတာပါ။ ပုံမှန်ရာသီအလိုက် မွေးမြူထုတ်လုပ်တာ မဟုတ်တော့တဲ့အတွက် ဈေးကွက်နဲ့ထုတ်လုပ်မှုကို ထိခိုက်နိုင်တယ်။ ပုံမှန်အချိန်မဟုတ်ပဲ ကန်ဖော်ရောင်းချပြီးပြန်မွေးရတာကြောင့် ရာသီအလိုက်ဈေးကွက်ထဲကိုဝင်နေတဲ့ ငါးဝင်ရောက်မှုလည်း ပျက်သွားနိုင်တယ်။ ဒါကြောင့် မွေးမြူထုတ်လုပ်မှုလျော့ကျတာ၊ အချိန်အခါမဟုတ်ပဲ ကန်ဖော်ရောင်းချတာတွေဟာ ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်သွားနိုင်တဲ့အတွက် ရေချိုထွက်ကုန်ဈေးကွက်အတွက်သာမက ရေချိုထုတ်လုပ်မှုကိုလည်း ထိခိုက်နိုင်ပါတယ်”ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ငါးဈေးကွက်သို့ ဆိုဒ်သေးငါးများ ဝင်ရောက်မှုများလာခြင်းကြောင့် ပြည်ပပို့ကုန်ဆိုဒ်ကြီး မွေးမြူမှု ၂၀ ရာခိုင်နှုန်းကျော် လျော့ကျလာကြောင်း၊ ငါးဆိုဒ်အသေးများ ကန်ဖော်၍ လေး၊ငါး လက်မအရွယ် မျိုးငါးများပြန်လည်စိုက်ထည့်ရာတွင် ဝယ်မရခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ငါးမွေးမြူမှုလျော့ကျလာခြင်းသည် ငါးဈေးနှုန်းအမြင့်ဈေးတွင် ရပ်တန့်နေမှုကိုဖြစ်စေသည့် အကြောင်းရင်း တစ်ရပ်ဖြစ်ကြောင်း သိရသည်။

ရွှေပိတောက်ငါးဈေးသို့ ယခင်က တစ်ရက်လျှင် ရေထွက်ကုန်ပိဿာချိန် ငါးသိန်း ဝင်ရောက်ခဲ့ရာမှ ယခုအခါ ကုန်ချိန်သုံးသိန်းခန့်သာ ဝင်ရောက်လျက်ရှိရာ ရင်းနှီးမတည်ငွေ မြင့်မားလာမှုကြောင့် ကုန်ချိန် ၁၀၀ ရောင်းချရာမှ ကုန်ချိန် ၃၀ သို့ လျှော့ချရောင်းချခြင်းနှင့် လက်ကားရောင်းချရာ မြို့နယ်ဈေးများ၌ ငါးဈေးနှုန်းကိုမြှင့်၍ ရောင်းချမှုသည်လည်း စားသုံးသူ၊ ဈေးကွက်နှင့် မွေးမြူထုတ်လုပ်မှုကို ထိခိုက်လာနိုင်ကြောင်းနှင့်ရေထွက်ကုန်ဝင်ရောက်မှုလျော့ကျမှုကြောင့် ဝယ်လိုအားများ လာမှုကို ကုစားနိုင်ရန် ငါးသေးဆိုဒ်များထုတ်လုပ်ရောင်းချမှုသည် ရေရှည်တွင် ရေထွက်ကုန်ပုံမှန်လည်ပတ်မှုကို ထိခိုက်နိုင်၍ ထုတ်လုပ်ရောင်းချမှုကွင်းဆက်ကိုလည်း ပြတ်လပ်သွားနိုင်ကြောင်း ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်ဖြန့်ချိသော လုပ်ငန်းရှင်များက သုံးသပ်ထားကြောင်း သိရသည်။ **သစ္စာ(MNA)**

# မိတ္ထီလာခရိုင်အတွင်း နို့စားနွား၊ အသားတိုးဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြစေရေး အားပေးကူညီ



**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက် မွေးမြူရေးခြံနှင့် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံများသို့ သွားရောက်၍ လက်ရှိ အသားတိုးဝက်မွေးမြူထားရှိမှုနှင့် ထပ်မံတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဒေသနေ တောင်သူများ၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ မျိုးမြှင့်တင်ခြင်း၊ မျိုးပွားခြင်းနှင့် မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

အလားတူ မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံတွင် မွေးမြူရေးတိရစ္ဆာန်အစာ နေပီယာပတ်ချောင်း ၂၈ ဧက၊ မွန်ဘာဆား ငါးဧကစိုက်ပျိုးထားရှိမှု၊ နို့စားနွားထီး၊ နို့စားနွားမ၊ နွားလတ်၊ နွားငယ်များနှင့် နို့ပေးနွားမကြီး မွေးမြူထားရှိမှု၊ ဒိန်ချဉ်၊ နို့ဆီ၊ နို့စိမ်း ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးအထောက်အကူပြုဆေးဝါးများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဆိတ်မွေးမြူရေးသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံတွင် ဒေသမျိုးရင်းများဖြစ်သော ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုးများ အသားထုတ်လုပ်မှု ကောင်းမွန်စေရန် မျိုးစပ်၊ မျိုးပွားထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ဝန်ဇင်း(၃) ပြည်ထောင်စုတိုးချဲ့ရပ်ကွက်ရှိ R.F.C Co.,Ltd ၏ ဆိတ်အကောင် ၁၀၀၀ နှင့် သိုးအကောင် ၁၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ ကျောက်ဖြူကုန်းအုပ်စု ဆူးဖြူကွက်ကျေးရွာရှိ THAN ZAYAR Co.,Ltd ဆိတ်မွေးမြူရေးခြံ၏ ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုးအကောင် ၇၀၀ မွေးမြူထားရှိမှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**❑ ဖမ်းဆီးရမိမှု**

စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၃၂၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ Royal စားသောက်ဆိုင်အနီး၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁၉ ဒသမ ၁၂၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၂၈၉၄၄ နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး၊ Isuzu Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀ ကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၅)လမ်း Regency ဂက်စ်ဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၁ ဒသမ ၇၉၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၀၁၅၂ နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၀၅၉၀၉၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၆၃၁ တန်၊ သစ်မာ ၁ ဒသမ ၀၄၁ တန်၊ အခြားသစ် ၄ ဒသမ ၇၆၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၀၇၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ အကျော် ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၂ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၈ မျိုး၊ လူသုံးကုန်ပစ္စည်း အမျိုး ၂၀၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၄၉၆၃၉၈ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Shacman Tractor Head နှစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Sany Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ရှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၀၀၀၀၀၀ ကို လည်းကောင်း၊ ကွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၅၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၆၅၄၆၃၉၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၃၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၅၃၂၆၅၅၁ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**















---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နိုင်ဂျီးရီးယားနိုင်ငံ ခက်ဘီပြည်နယ်တွင် မိုးရွာသွန်းပြီး ရေဘေးအန္တရာယ်ကြောင့် အဓိကတံတားနှစ်စင်းပျက်စီးကာ ဆက်သွယ်သွားလာရေးပြတ်တောက်နေ



**အဘူဂျာ ဩဂုတ် ၁၇**

နိုင်ဂျီးရီးယားနိုင်ငံ ခက်ဘီပြည်နယ်တွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ရေဘေးအန္တရာယ်ကြောင့် အဓိကတံတားကြီးနှစ်စင်း ပျက်စီးကာ ဆက်သွယ်သွားလာရေး ပြတ်တောက်နေကြောင်း နိုင်ဂျီးရီးယားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ခက်ဘီပြည်နယ် ဒန်ဒီဒေသနှင့် ဆူရူဒေသတို့တွင်ရှိသော အဓိကတံတားကြီးများပျက်စီးခဲ့ပြီး လူနေအိမ်အမြောက်အမြားလည်း ရေလွှမ်းခံနေရသဖြင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းလျက် ရှိကြောင်း၊ သေဆုံးသူတချို့လည်း ရှိနေပြီး သေဆုံးသူအရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ ဒေသခံများ သေဆုံးမှုဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသများမှာ ဖန်နာဒေသ၊ အယ်ဂျန်နဲဒေသနှင့် ကမ်ပန်နီဒေသတွင် ရှိသော ဒန်နီကျေးလက်ဒေသတို့ ဖြစ်ကြောင်း နိုင်ဂျီးရီးယားအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေကြီးရေလျှံမှုကြောင့် ခက်ဘီပြည်နယ်က ဒေသခံတွေအတွက် အရေးပါတဲ့ အဓိကတံတားကြီးနှစ်စင်း ပျက်စီးသွားခဲ့တယ်။ တံတားတွေ ပျက်စီးသွားခဲ့တဲ့အတွက် ဆက်သွယ်သွားလာရေး လမ်းကြောင်းတွေ ပြတ်တောက်နေပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှာလဲ ရေလွှမ်းမှုကြောင့် တော်တော်များများ ပျက်စီးသွားခဲ့တယ်။ စိတ်မကောင်းစရာကတော့ ဒေသခံတချို့ သေဆုံးခဲ့ပါတယ်။ သေဆုံးသူတွေကတော့ ဖန်နာဒေသ၊ အယ်ဂျန်နဲဒေသနဲ့ ကမ်ပန်နီဒေသမှာရှိတဲ့ ဒန်နီကျေးလက်ဒေသတွေက ဒေသခံတချို့ဖြစ်ပါတယ်။ သေဆုံးသူအရေအတွက်ကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ မိသားစုဝင်တွေ ဆုံးရှုံးခဲ့ရတဲ့ ဒေသခံတွေအတွက် မိသားစုနဲ့ ထပ်တူဝမ်းနည်းရပါတယ်"ဟု နိုင်ဂျီးရီးယားအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဩစတြေးလျ အရှေ့ဘက်ကမ်းရိုးတန်းအနီးတွင် ပြင်းအား ၅ဒသမ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ကင်ဘာရာ ဩဂုတ် ၁၇**

ဩစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းအနီးတွင် ဩဂုတ် ၁၆ ရက်က ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း ဥရောပမြေထဲပင်လယ် ငလျင်ဆိုင်ရာဗဟိုဌာန (EMSC) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ငလျင်၏ ဗဟိုချက်သည် အနက် ကီလိုမီတာ ၁၀ ရှိပြီး တောင်လတ္တီတွဒ် ၂၆ ဒသမ ၃၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၅၂ ဒသမ ၀၄ ဒီဂရီတွင်ဖြစ်ကြောင်း၊ အဆိုပါငလျင်သည် ဩဂုတ် ၁၆ ရက် ဒေသစံတော်ချိန် ၂၃:၄၈ နာရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်းတချို့ပျက်စီးခဲ့ရကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကာ အဆောက်အအုံများ၏ နံရံများလည်း အက်ကွဲသွားခဲ့ရကြောင်း၊ ထို့ကြောင့် အဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်ရန်လိုကြောင်း အာဏာပိုင်များက ဒေသခံများကို သတိပေးထားသည်။

လက်ရှိတွင် ထိခိုက်ဒဏ်ရာရသူများရှိသော်လည်း လူသေဆုံးမှု မရှိကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ငလျင်အင်အားအနည်းငယ်ပြင်းသော်လည်း လက်ရှိအချိန်ထိ ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် မြေဧရိယာ ဟက်တာ ၁၃၉၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့

**လစ္စဘွန်း ဩဂုတ် ၁၇**

ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၆ ရက်ထိ မြေဧရိယာ ဟက်တာ ၁၃၉၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သဘာဝထိန်းသိမ်းရေးနှင့် သစ်တောများဆိုင်ရာ အင်စတီကျူ (ICNF) က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



ပေါ်တူဂီနိုင်ငံတွင် မြေဧရိယာ ဟက်တာ ၁၃၉၀၀၀ ပျက်စီးဆုံးရှုံးခဲ့ပြီး အဆိုပါဧရိယာပမာဏ၏ ထက်ဝက်ခန့်သည် ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်အတွင်း ပျက်စီးဆုံးရှုံးခဲ့ခြင်း ဖြစ်ကြောင်း ICNF မှ ကောက်ယူထားသော စစ်တမ်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၄ ရက်ထိ မြေဧရိယာ ၇၄၉၃၀ ဟက်တာ လောင်ကျွမ်းခဲ့ပြီး တောမီးကြောင့် ဩဂုတ် ၁၅ရက်နှင့် ဩဂုတ် ၁၆ ရက်တို့တွင် မြေဧရိယာ ဟက်တာပျက်စီးမှုသည် ၁၃၉၀၀၀ ဟက်တာထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယနေ့အထိ မီးလောင်ကျွမ်းမှု စုစုပေါင်း ၆၂၂၈ မှုရှိပြီး မီးလောင်ကျွမ်းမှုမြေများကို တွက်ကြည့်ပါက ယာမြေ ၅၀ ရာခိုင်နှုန်း၊ သစ်တောမြေ ၄၀ ရာခိုင်နှုန်းနှင့် လယ်မြေ ၁၀ ရာခိုင်နှုန်းရှိကြောင်း ICNF မှ ထုတ်ပြန်ခဲ့သည်။

ပူပြင်းခြောက်သွေ့မှုများကြောင့် ပေါ်တူဂီနိုင်ငံတွင် ဩဂုတ် ၂ ရက်ကတည်းက တောမီးအန္တရာယ်အတွက် သတိပေးချက် ထုတ်ပြန်ထားကြောင်း အမျိုးသားအရေးပေါ်နှင့် ပြည်သူ့ကာကွယ်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ကနေဒါနိုင်ငံ ဗန်ကိုးဗားကျွန်းတွင် တောမီးထိန်းချုပ်နိုင်ပြီဖြစ်၍ ဒေသခံများ ရွှေ့ပြောင်းရန် သတိပေးချက်ကိုရုပ်သိမ်း

**အော့တဝါ ဩဂုတ် ၁၇**

ကနေဒါနိုင်ငံ ဗန်ကိုးဗားကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗန်ကိုးဗားကျွန်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားသော်လည်း တောမီးကိုထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစတင်၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ထားမှုကို ပြန်လည်ရုပ်သိမ်းကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၃၉၇၁ ထိပျက်စီးသွားခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့သည့်အတွက် တောမီးကိုစတင်ထိန်းချုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း BC Wildfire Service (BCWS) က ထုတ်ပြန်ခဲ့သည်။

"ဗန်ကိုးဗားကျွန်းမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာအန္တရာယ်ရှိတဲ့အတွက်ကြောင့် ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် သတိပေးချက်ထုတ်ပြန်ထားခဲ့ပါတယ်။ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် အတတ်နိုင်ဆုံးကြိုးစားခဲ့ပေမဲ့လဲ မိုးလေဝသအခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ဖို့ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့လဲ မိုးရွာသွန်းလာမှုကြောင့် တောမီးကိုစတင်ထိန်းချုပ်လာနိုင်ခဲ့တယ်။ ဒါကြောင့် တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ထုတ်ပြန်ချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်"ဟု BC Wild-fire Service (BCWS)မှ ပြောရေးဆိုခွင့်ရှိသူ စတီဖန်က ပြောကြားခဲ့သည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၆၈ ဦးထိအသုံးပြုခဲ့ပြီး လေကြောင်းအကူအညီအဖြစ် ရဟတ်ယာဉ် ၁၁ စီးထိအသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ပေါ်တိုရီကိုနိုင်ငံအရှေ့မြောက်ဘက်ပိုင်းသို့ အာရင်ဟာရီကိန်းမုန်တိုင်း ပြင်းအားပမာဏ ၅ ဖြင့် ဝင်ရောက်တိုက်ခတ်နေကြောင်း NHC က ထုတ်ပြန်

**ဆန်ဂျူအန် ဩဂုတ် ၁၇**

ပေါ်တိုရီကိုနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းကို ဩဂုတ် ၁၆ ရက်တွင် အာရင်ဟုအမည်ပေးထားသည့်ဟာရီကိန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းသည် ပြင်းအားပမာဏ ၅ ဖြင့် ဦးတည်တိုက်ခတ်နေကြောင်း နေရှင်နယ်ဟာရီကိန်းစင်တာ(NHC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာရင်ဟာရီကိန်း မုန်တိုင်းသည် ဆန်ဂျူအန်မြို့နှင့် ၁၇၅ မိုင်အကွာသို့ ရောက်ရှိနေပြီး အာရင်ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ ၁၆၀ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း၊ အာရင်ဟာရီကိန်း မုန်တိုင်းသည် ဆန်ဂျူအန်မြို့သို့ ဦးတည်တိုက်ခတ်လာသော်လည်း လီဝက်ဒ်ကျွန်းကိုဗဟိုပြု တိုက်ခတ်လာခဲ့ခြင်းဖြစ်ပြီး ပေါ်တိုရီကိုနိုင်ငံအနီးပတ်ဝန်းကျင်နိုင်ငံများသို့လည်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေကြောင်း၊ အာရင်ဟာရီကိန်း မုန်တိုင်းသည် ဆန်ဂျူအန်မြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးပါက မြောက်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်သွားနိုင်ပြီး မြောက်ဘက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်စဉ် လေတိုက်နှုန်းမှာ အားပျော့သွားဖွယ်ရှိနေကြောင်း NHC က ထုတ်ပြန်ခဲ့သည်။

"အာရင်ဟာရီကိန်းမုန်တိုင်းဟာ ဆန်ဂျူအန်မြို့နဲ့ ၁၇၅ မိုင်အကွာကို ရောက်ရှိနေပြီဖြစ်ပါတယ်။ မုန်တိုင်းဟာလီဝက်ဒ်ကျွန်းကို ဗဟိုပြုတိုက်ခတ်လာတာလဲ ဖြစ်ပါတယ်။ မုန်တိုင်းဟာပေါ်တိုရီကိုနိုင်ငံထဲကိုဝင်ရောက်တိုက်ခတ်ခဲ့ပြီးရင်တော့ အနီးပတ်ဝန်းကျင်နိုင်ငံတွေဆီကိုလဲ ဝင်ရောက်တိုက်ခတ်သွားနိုင်ပါတယ်"ဟု နေရှင်နယ် ဟာရီကိန်းစင်တာ(NHC)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ဝတ္ထုတိုကလျာ

# တောစံပယ်လဲ မွှေးပါတယ်

## အိဝေအောင်(ပုလဲမြေ)



( ၁ )

"ငါ သွားတော့မယ် ထွေးညို"

"ဖိုးမောင်နော် မြို့ကြီးကိုရောက်သွားပြီဆိုပြီး ငါတို့ကိုမေ့သွားဖို့တော့ မတွေးလိုက်နဲ့။ အဲဒီလိုဆိုရင် ငါ နင့်ကို တစ်သက်လုံး မခေါ်တော့ဘူး။

ကျလုဆဲမျက်ရည်ကြားမှ တုန်ယင်နေသောအသံတို့ကို အတတ်နိုင်ဆုံးထိန်း၍ ထွေးညို ပြန်ပြောသည်။ ဘာဖြစ်မှန်းလည်း မသိ။ သူ့ရင်ထဲမှာလည်း ဆို့နင့်နင့်။ ပြောမထွက်နိုင်အောင်ပင် အစိုင်အခဲတို့က တင်းကျပ်များပြား၍နေသည်။

"ကဲ ပါကွယ်။ နင်တို့ကလဲ တကတဲ ဖြစ်ပျက်နေလိုက်ကြတာ။ ဖိုးမောင်က ကျောင်းသွားတက်တာပါဟာ။ အချိန်တန်ရင် ပြန်လာမဲ့ဟာ။ ခရီးလမ်းသွားရမဲ့သူ စိတ်မကောင်းဖြစ်အောင် မလုပ်ကြနဲ့။ ကဲ ကဲ မယ်မြရေ လာတော့ဟေ့။ မောင်ပု၊ နွားတပ်တော့။ ပေလမ်းတက်တာနောက်ကျနေရင် ကားမမီဘဲနေလိမ့်မယ်"

"အစစအရာရာ ဂရုစိုက်ပါနော်"

လာနှုတ်ဆက်ကြသော သူငယ်ချင်းများကိုကြည့်ကာ သူလည်း မျက်ရည်ဝဲချင်ချင်။ ထွေးညို၏ မျက်ရည်များက သူ့ရင်ဘတ်ကို ထိုးနှက်နေသည်။ အမြဲလိုလို သနပ်ခါး ပါးကွက်ကျားနှင့်ရှိတတ်သော ပါးပြင်တို့ကား ယနေ့တွင်မူ သနပ်ခါးအစက်အပြောက်လေးပင်မရှိ။ ငိုထားသောအရှိန်ကြောင့် မျက်ဝန်းအိမ်တို့က မို့မောက်နေပြန်သည်။ လှည်းလမ်းကြောင်းတစ်လျှောက်က ဖုန်လုံးကြီးများကြား တစ်စုံတစ်ရာကို လွမ်းမောစွာပင် ဖွေရှာနေမိတော့သည်။

( ၂ )

"လွမ်းတယ် ထွေးညိုရေ။ ငါလေ ရွာကိုလဲ လွမ်းတယ်။ အဘနဲ့အမေကိုလဲ လွမ်းတယ်။ သူငယ်ချင်းတွေကိုလဲ လွမ်းပါတယ်။ ဒါပေမဲ့ နင့်ကို လွမ်းတဲ့အလွမ်းက အဆိုးဆုံးဟ။ အဲဒါက လူကို နေမရထိုင်မရ ဖြစ်စေတယ်။ တကယ်ပါဟာ အဲဒီလိုအချိန်မျိုးဆိုရင်လေ နင့်ကို ပြေးပြီးတွေ့လိုက်ချင်တာ။ ငါ့မှာ စာလဲ ကျက်လို့မရဘူး သိလား"

"ဘာတွေ ရေးနေတာလဲကွ။ ဘာလဲ ကျူတိုရီရယ်အတွက် ပြင်နေတာလား"

တစ်ခန်းတည်းနေ သူငယ်ချင်းသူရ၏ စကားသံကြောင့် ရေးလက်စဒိုင်ယာရီစာအုပ်လေးကို ကမန်းကတန်း ပိတ်လိုက်သည်။

"မဟုတ်ပါဘူးကွ။ ကဲ ပြော ဘာကိစ္စ"

"ဟဲ ဟဲ ဒီလိုကွ။ မင်း ရတီကို သိတယ်မလား။ ငါ့ကောင်မကလေးလေ"

"အင်း"

"လာမဲ့ စနေနေ့ညမှာ သူ့အိမ် ပါတီပွဲကိုလာဖို့ ဖိတ်ထားတယ်"

"အေး သွားလေ"

"မင်းရောနော်"

"ဟေ..."

( ၃ )

ပါတီက သိပ်ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ သူငယ်ချင်းတွေစုပြီး လုပ်ကြတာမျိုးပင်ဖြစ်သည်။ လူငယ်တွေချည်းမို့ ပွဲက တော်တော်မြိုင်သည်။ ဆောင်းဘောက်များကလည်း ကောင်းလွန်းလှသကဲ့သို့ မီးရောင်စုံများကလည်း ပြိုးပြိုးပြက်ပြက်။

"မောင် တစ်ယောက်ထဲလား"

"ဗျာ"

"ဪ... တို့နာမည်က မေရီပါ။ ရတီ့ သူငယ်ချင်းလေ။ ယူ့ကို တို့သိနေတာကြာပါပြီ။ နာမည်က ဖိုးမောင်ဆို။ အဲဒါကြောင့် နည်းနည်းလေးဆန်းသွားအောင် "မောင်"လို့ အဖျားဆွတ်ခေါ်လိုက်တာ။ ဘာလဲ၊ ယူက မကြိုက်လို့လား။ အိုကွာ ကြိုက်ကြိုက် မကြိုက်ကြိုက် မေရီကတော့ မောင် လို့ခေါ်မှာပဲ"

ရဲရဲနီနေသော နှုတ်ခမ်းပါးပါးလေးက သူ့ရှေ့မှာ တွတ်ထိုးနေသည်။ မျက်တောင်ခတ်လိုက်တိုင်း ပေါ်လွင်လာသည့် မျက်တောင်ရှည်ကော့ကော့ကြီးများက အတုလားအစစ်လား သူ မခွဲတတ်။ အပေါ်နှင့်အောက်ကို တိုက်ရိုက်သွယ်ဆက်ထားသော အရောင်တလက်လက်တောက်နေသည့် ဒူးအထက်ထိရောက်သော ဂါဝန်အောက်တွင် မေရီ၏ခန္ဓာကိုယ်ကောက်ကြောင်းက ပေါ်လွင်လွန်းလှသည်။

"အိုး.....ယူ"

"အာ...ဆော...ဆောရီး"

ယခု တက္ကသိုလ်တတိယနှစ်ရောက်သည့်တိုင် မည်သည့်မိန်းကလေးကိုမှ စေ့စေ့မကြည့်ခဲ့ဖူး။ မေရီ့ဆီက စနောက်သလို အာမေဍိတ်သံကြောင့် အသိစိတ်တို့ ကိုယ်မှာကပ်လာသည့်အချိန်တွင်တော့ မေရီ့ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်လိုက်ကြည့်နေမိမှန်း ကိုယ့်ကိုယ်ကိုယ် သိလိုက်၏။ ရှက်ရှက်နှင့် သူထလိုက်ရာ အနားရောက်လာသော စားပွဲထိုးလေးနှင့် တိုက်မိသွားပြန်သည်။

"ဟာ...သွားပါပြီကွာ"

သူ့အင်္ကျီပန်းနုရောင်လေးမှာ ဖျော်ရည်တို့ဖြင့် စွန်းထင်းကုန်တော့သည်။

"အိုး... စိုကုန်ပြီ။ ဘယ်လိုလုပ်မလဲ"

"ကျွန် ကျွန်တော်တို့ ပြန်တော့မယ်ဗျာ။ နောက်လဲကျနေပြီ"

"ဟာ...မဟုတ်တာ။ အခုမှ ပွဲက အရှိန်ကောင်းတုန်းရှိသေးတယ်။ ဪ... ဒီမှာ မေရီ့အစ်ကို ဝမ်းကွဲအတွက် ဝယ်လာတာ။ ဒါလေး လဲလိုက်လေ။ မေရီက လက်ဆောင်ပေးတာပါ"

အင်တင်တင်လုပ်နေသော သူ့မျက်နှာရိပ်ကို လူကဲခတ်မညံ့သော မေရီက ချက်ချင်းသိ၍ထင်သည်။

"ဪ... ခုနတုန်းက မေရီ စနောက်လိုက်တာကို စိတ်ထဲထားနေသေးတာ ဖြစ်မယ်။ မေရီက စတာပါ။ မေရီကို ခင်တယ်ဆိုရင် ဒါလေးလဲလိုက်ပါနော်။ ဟိုမယ် ယူ့သူငယ်ချင်းကြီးတောင် ကဲလို့ကောင်းတုန်းရှိသေးတယ်"

မီးရောင်စုံအောက်တွင် ခုန်ပေါက်နေသော သူရကို မျက်စပစ်ပြလိုက်သော မေရီ့ ညို့ဓာတ်များကြားကနေ ဘယ်လိုအင်အားမျိုးနှင့် ရုန်းထွက်ရပါမည်နည်း။

( ၄ )

မေရီနှင့် ပိုရင်းနှီးလာရသည့်အလျောက် ခေတ်ဆန်သော၊ ပွင့်လင်းသော မေရီကို တက္ကသိုလ်ကျောင်းသားအများစုသာမက လူကုံထံတချို့ကပါ လိုက်လံပိုးပန်းနေကြောင်း သိရသည်။ မေရီကတော့ "မေရီမှ သူတို့ကို စိတ်မဝင်စားတာ" တဲ့။

အခြားယောကျ်ားများထက် ဦးစားပေးခံရသော သူကတော့ ယောကျ်ားအသိုင်းအဝိုင်း၏ မနာလိုအမြင်ကတ်မှုနှင့် ထိုးနှက်မှုတို့ကိုခံရသည်။ မေရီနှင့် ကင်းကင်းရှင်းရှင်းနေရန် ကြိုးစားပါသော်လည်း အကြောင်းကြောင်းကြောင့် မှန်းချက်မပေါက်ခဲ့ပေ။ အထူးသဖြင့် မိန်းမသားဖြစ်သော မေရီကို သူ အားနာသည်။ ပိုဆိုးသည်က မေရီ့ကို သိသိသာသာ ရှောင်နေစဉ် တစ်ပတ်လောက်နေတော့ မေရီ သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။

"မောင် မေရီ့ကို ရှောင်နေတာမလား"

စသိသည့် ညတုန်းက နောက်တာပါ ပြောခဲ့သော မေရီက တစ်လျှောက်လုံး မောင်ဟုပင် ခေါ်ခဲ့ပြန်သည်။

"ဘာဖြစ်လို့လဲ။ ဘာဖြစ်လို့ မေရီ့ကို ရှောင်နေရတာလဲ။ ဘာလဲ ပတ်ဝန်းကျင်ကြောင့်လား။ မောင်က ယောကျ်ားသားပါ။ မေရီတောင် အရာရာကို မကြောက်မရွံ့ ရင်ဆိုင်ခဲ့တာ။ ဘာလို့လဲ သိလား။ မောင့်ကို ချစ်လို့။ ဟုတ်တယ် မေရီ မောင့်ကိုချစ်တယ်။ မောင်နဲ့မသိခင်ကတည်းက မေရီ မောင့်ကိုချစ်ခဲ့တာ။ မောင့်ကိုချစ်လို့ပဲ မိန်းကလေးတန်မဲ့ ချဉ်းကပ်ခဲ့တာ"

မေရီထံမှ အလေးထားမှုများနှင့် ဂရုစိုက်မှုများကို သူ ငြင်းဆန်နိုင်စွမ်းမရှိခဲ့။ သူဌေးသမီးပီပီ သူ လိုအပ်သမျှကိုလည်း ငြင်းဆန်နေသည့်ကြားမှပင် မရမက ပေးတတ်သည်။ သူ့သူငယ်ချင်း အသိုင်းအဝိုင်းကြားများတွင်လည်း မရှက်မကြောက် မိတ်ဆက်ပေးရဲသည်။ သူတို့ချစ်ခရီးက အစစအရာရာ ချောမွေ့ခဲ့ပါသည်။ မေရီ့ကိုပိုင်ဆိုင်ထားရခြင်းအတွက် အပေါင်းအသင်းများကြားတွင် သူ မျက်နှာအတော်ပွင့်ရသည်။ ထို့အတွက်လည်း သူ ဂုဏ်ယူလို့မဆုံး။ ထွေးညိုကိုတော့ တစ်ခါတလေ သတိရသည်။ ဘွဲ့ရပြီးသွားရင် ဆိုသောစီမံကိန်းကို အကောင်အထည်ဖော်ရန်စဉ်းစားတော့ သူ့လို သာမန်အစိုးရဝန်ထမ်းတစ်ယောက်နှင့် မေရီ အတူနေနိုင်ပါ့မလား မတွေးရဲခဲ့။ သို့သော် အခြေအနေတစ်ရပ်သည်ကား ဖြေရှင်းဖို့နည်းလမ်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အချိန်တန်လာသည့်အခါတွင်တော့ ဖြစ်ထွန်းပေါ်ပေါက်လာစမြဲပင် မဟုတ်ပါလား။

**❖မေရီထံမှ အလေးထားမှုများနှင့် ဂရုစိုက်မှုများကို သူငြင်းဆန်နိုင်စွမ်းမရှိခဲ့။ သူဌေးသမီးပီပီ သူလိုအပ်သမျှကိုလည်း ငြင်းဆန်နေသည့်ကြားမှပင် မရမက ပေးတတ်သည်။ သူ့သူငယ်ချင်း အသိုင်းအဝိုင်းကြားများတွင်လည်း မရှက်မကြောက် မိတ်ဆက်ပေးရဲသည်။ သူတို့ချစ်ခရီးက အစစအရာရာ ချောမွေ့ခဲ့ပါသည်။ မေရီ့ကို ပိုင်ဆိုင်ထားရခြင်းအတွက် အပေါင်းအသင်းများကြားတွင် သူ မျက်နှာအတော်ပွင့်ရသည်။ ထို့အတွက်လည်း သူ ဂုဏ်ယူလို့မဆုံး။ ထွေးညိုကိုတော့ တစ်ခါတလေ သတိရသည်။ ❖**

( ၅ )

"အို မောင်ကလဲ ဘာလို့ တောကို ပြန်နေမှာလဲ။ မေရီတို့မှာ ဒယ်ဒီ့လုပ်ငန်းတွေက အများကြီးရှိတာ။ မောင့်ကို နေရာတစ်နေရာရအောင်တော့ မေရီလုပ်ပေးနိုင်ပါတယ်။ ဒီမှာပဲ နေပါ"

"မေရီရယ် မောင်ပြောတာကို နားလည်မှပေါ့။ မောင့်ကို ပညာသင်ပေးခဲ့တဲ့ အဘနဲ့အမေရဲ့ ဆန္ဒတွေကို မောင် ဖြည့်ဆည်းပေးရမယ်။ ဒီကို မလာခင်ကတည်းက မောင်တို့ရွာကိုပဲပြန်ပြီး ကျောင်းဆရာလုပ်ဖို့ မောင် ဆုံးဖြတ်ထားပြီးသား"

တင်းမာလွန်းနေသည့်အခြေအနေကို နှစ်ဦးနှစ်ဖက်စလုံး အလျှော့မပေးခြင်းအားဖြင့် အဆုံးသတ်သွားသည်။

စာမျက်နှာ ၂၅ သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ခင်ဦး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲစင်းငုံ ၂၀၆၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၇၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ခင်ဦးမြို့နယ်အတွင်း ပဲစင်းငုံ ၂၀၆၂၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၇၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း တီလားဗီးယားငါးပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။



"ညောင်တုန်းမြို့နယ်က တီလားဗီးယားငါးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇူလိုင်လမှာ ဇွန်လကထက် တီလားဗီးယားငါးတွေကို ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ တီလားဗီးယားငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ရွာကိုမပြန်မီ မေရီကို ဆက်သွယ်ရန် သူကြိုးစားခဲ့သော်လည်း တွေ့ခွင့်မရခဲ့။ ထို့ပြင် ယခင်ကတည်းက ပိုးပန်းနေသည့် ခင်မောင်လွင်ဆိုသူနှင့် တွဲနေသည်ဟုလည်း သတင်းသဲ့သဲ့ကြားရသည်။

( ၆ )

"ဟယ် ဖိုးမောင်၊ နင် ဘယ်တုန်းက ရွာပြန်ရောက်တာလဲ။ ကြည့်စမ်း ငါ့ကိုတောင် ဖုန်းမဆက်ဘူး"

ခရမ်းပျိုးပင်များကို ရေဖျန်းနေရင်း သူ့ဆီတည့်တည့်လာနေသော ဖိုးမောင်ကို မြင်သွားသဖြင့် မျက်စောင်းအကြီးကြီးထိုးပြီး ရန်လုပ်ကာ ဆီးကြိုသည်။

"ဘာလဲ သိရင် နင်က လာကြိုမှာမို့လား"

"လာကြိုမှာပေါ့ဟ နင်ကလဲ"

မျက်လုံးဝိုင်းလေးများက ရက်ရွှံ့သွားသလို ခေတ္တမျှ ရှောင်ရှားသွားကြသည်။ ထွေးညိုသည် သနပ်ခါးပါးကွက်ကျားနှင့် လိုက်ဖက်လွန်းလှစွာ။ အသားညိုညက်ညက်နှင့် မျက်နှာဝိုင်းဝိုင်းလေးက လွန်ခဲ့သည့် သုံးနှစ်ကထက် ပိုလှနေသည်။

"မောင်... ဒီအတောအတွင်း မေရီ ရှောင်နေခဲ့တာကို မောင် သိမှာပါ။ မောင့်ကို မေရီ ချစ်ပါတယ်။ စကားလုံးတွေအများကြီးသုံးပြီး ရှင်းပြနေစရာတော့ မလိုဘူးမလား ဟင်။ မေရီက မြို့ကြီးသူပါ မောင်။ နာမည်အပြည့်အစုံက မေရီသဇင်မြင့်ပါ။ မေရီရဲ့ ဒယ်ဒီက မေရီကို ဟိုးအမြင့်ကြီးပေါ်က သဇင်ပန်းလေးလို အသွင်တင့်တင့် ဘဝင်မြင့်မြင့်နဲ့ ရှိနေစေချင်တဲ့ ဆန္ဒနဲ့ပေးထားတာပေါ့။ မေရီ တောမလိုက်နိုင်ဘူး မောင်။ မေရီ ရွှံ့ထဲလဲ မဆင်းနိုင်ဘူး။ ကျောင်းဆရာဖြစ်ချင်တဲ့ မောင့်ဆန္ဒကို မေရီ လေးစားပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်ကိုယ်ကျ တောမှာနေပြီး ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ ကျောင်းဆရာရဲ့ဇနီးလုပ်ရမဲ့အဖြစ်မျိုးတော့ မေရီ မလိုချင်ဘူး မောင်။ မောင် ရွာမပြန်ခင်အမီ ဒီစာကိုပေးပေးဖို့ သူရကို အကူအညီတောင်းခဲ့ပါတယ်။ မေရီအတွက် တစ်ကြိမ်လောက်ပြန်ပြီး စဉ်းစားပေးပါ မောင်။ မေရီ့ကို ချစ်တယ်မလား ဟင်။

မျှော်လင့်စွာဖြင့်

မောင့်ရဲ့ မေရီ"

ကားမထွက်မီ သူရ ပေးခဲ့သောစာရွက်ခေါက်လေးထဲမှ စာသားတို့က ခေါင်းထဲသို့ ခုန်ပေါက်ဝင်လာသည်။

မေရီရယ်၊ မောင့်ကို မုန်းလိုက်ပါ၊ မေ့လိုက်ပါ။ မောင်က တောသား၊ ဘဝသမား။ ဟိုအမြင့်ကြီးပေါ်က သဇင်ပန်းကိုမှ ရနံ့ရှိတယ်၊ မွှေးပျံ့တယ်လို့ ထင်မှတ်နေတဲ့ မေရီရဲ့ ဒယ်ဒီကလဲ အညတရဘဝသမားကို သဘောကျမှာ မဟုတ်ပါဘူး။ အရာရာကို ခွဲခြားခြင်းကင်းစွာနဲ့ သဘာဝတရားကို ခံစားတတ်မယ်ဆိုရင် မေရီရယ်၊ ဟောဒီ မြေကြီးနဲ့သိပ်မဝေးတဲ့နေရာက စံပယ်လေးတွေလဲ မွှေးပါတယ်။ တောစံပယ်ပန်းလေးတွေဟာလဲ မွှေးပါတယ်ကွယ်။

## မိဘမေတ္တာများ

- သံသာချို အပြုံးလှနဲ့
ဆုံးမလို့ သွန်သင်ကာ၊
သားသမီးတွေ ဘဝလမ်း
လှပန်းဝေဖြာ၊
မိဘ၏ ချစ်ခြင်းမေတ္တာ
ပြစ်ကင်းရစ်စွာ ထာဝရ၊
ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားကာ
တရားစွာလှ။

- စေတနာ အနန္တနဲ့
ကြံဆလျက် ပေးစွမ်းနေ၊
ရန်မသွယ် ဘေးမခဘဲ
အေးမြပါစေ၊
သားသမီးများ ဘဝအခြေ
ရလေတဲ့ ချမ်းသာခြင်း၊
မိဘများ ဘဝနဲ့ထပ်လို့
ပေးဆပ်မယွင်း။

- လပမာ ရောင်အဆင်းနဲ့
နေအချင်းမျှ အလင်းတည်၊
ကျေးဇူးဂုဏ် မေတ္တာဓာတ်က
မြင့်မြတ်ပါသည်၊
မြတ်ဘုရားနဲ့ ပမာညီ
နှိုင်းဆရည် အနန္တော၊
သုံးဆယ့်တစ်ဘုံ များသတ္တာ
မှတ်ကြဉ်သဘော။ ။

**အဝေရာကိုကို**

# ပုဗ္ဗသီရိမြို့နယ် ကြိမ်တောမြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်ယာကုန်း ကျေးရွာအုပ်စု ကြိမ်တောမြောင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြိမ်တောမြောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၇၀ ကို ငွေကျပ် ၂၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် နှစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၇ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# ကမ္ဘာလုံးဆိုင်ရာအာဏာဟန်ချက်အပြောင်းအလဲဖြစ်နိုင်သော တရုတ်နိုင်ငံ၏စစ်လက်နက်ပစ္စည်းတင်ပို့မှုများ

တရုတ်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများကို ကမ္ဘာ့အကြီးမားဆုံးပဋိပက္ခဇုန်များတွင် ပိုမိုမြင်တွေ့လာရနေရပြီဖြစ်သောကြောင့် စစ်လက်နက်ပစ္စည်းနယ်ပယ်တွင် တရုတ်၏နည်းပညာဆိုင်ရာ အဆင့်မြင့်မားလာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကိုထင်ဟပ်ပေါ်လွင်လာစေလျက်ရှိသည်။

၁၉၉၀ ပြည့်လွန်နှစ်များနှင့် ၂၀၀၀ ပြည့်လွန်နှစ်များတွင် တရုတ်စစ်လက်နက်စနစ်များနှင့် စစ်ဘက်အသုံးအဆောင်ပစ္စည်းများသည် ရုရှားနှင့် ဆိုဗီယက်ခေတ်စနစ်များကို တုပထုတ်လုပ်ထားသည့်အဆင့်ထက် အနည်းငယ်လောက်သာ ပိုမိုခဲ့သည်။ တရုတ်နိုင်ငံသည် ထိုစဉ်က ကိုယ်ပိုင်စစ်လက်နက်ပစ္စည်းများထုတ်လုပ်နိုင်စွမ်းမရှိသဖြင့် ရုရှားထံမှတင်သွင်းသည့် စစ်လက်နက်ပစ္စည်းများကိုသာ မှီခိုအားထားခဲ့ရသည်။

သို့သော် လတ်တလောနှစ်များအတွင်း တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်တိုးတက်လာမှုများနှင့်အတူ တရုတ်နိုင်ငံပိုင်ကုမ္ပဏီကြီးများသည် လက်ရှိအချိန်တွင် စစ်လက်နက်ပစ္စည်းထုတ်လုပ်တင်ပို့ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အဆင့်မြင့်လက်နက်စနစ်များ ပိုမိုပိုင်ဆိုင်လာပြီဖြစ်ကြောင်း သတင်းများ၌ဖော်ပြထားသည်။

သာဓကအနေဖြင့် တရုတ်နိုင်ငံထုတ် J-20 တိုက်လေယာဉ်သည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ထောက်လှမ်းခြေရာခံရခြင်းမရှိဘဲဆူရှီမာ (Tsushima)ရေလက်ကြားကို ဖြတ်သန်းပျံသန်းနိုင်ခဲ့သည်။ ၎င်းနေရာသည်အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားရေဒါစနစ်များ၏ လက်လှမ်းမီသည့်အကွာအဝေးအတွင်း၌ရှိနေသည်။

ယူကရိန်းပဋိပက္ခအပါအဝင် ပဋိပက္ခများသည် ဒရုန်းစစ်ဆင်ရေးများဖြင့် လွှမ်းမိုးလာလျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ဒရုန်းနည်းပညာသည် ပိုမိုခေတ်မီဆန်းသစ်လာလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အသံလွန်ဒုံးကျည်များနှင့် ကိုယ်ပျောက်နည်းပညာများ သုတေသနပြုတည်ဆောက်ရာတွင်လည်း ခေတ်မီတိုးတက်လာလျက်ရှိသည်။

ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏လတ်တလောလှုပ်ရှားမှုများသည် ၎င်း၏စစ်အင်အားကိုပြသလျက်ရှိပြီး မကြာသေးမီအချိန်တွင်းကပင် ကြိုတင်ကြေညာခြင်းမရှိဘဲ ဩစတြေးလျကမ်းလွန်၌ ရေတပ်စစ်ရေးလေ့ကျင့်ခန်းပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်ခန်းကြောင့် Tasman ပင်လယ်ပြင်တွင် လေကြောင်းပျံသန်းမှုများ အနှောင့်အယှက်ဖြစ်စေခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံ၏စစ်ရေယာဉ်စုသည် အမေရိကန်၏ B-2 ကိုယ်ပျောက်ဗုံးကြဲလေယာဉ် အုပ်အခြေစိုက်လျက်ရှိသည့် Amberley လေတပ်အခြေစိုက်စခန်းအပါအဝင် ဩစတြေးလျနိုင်ငံရှိ ထိလွယ်ရှလွယ်ဖြစ်နိုင်သော စစ်အခြေစိုက်စခန်းများအနီး၌ လှုပ်ရှားသွားလာခဲ့သည်။ ထိုသို့လှုပ်ရှားသွားလာခဲ့ခြင်းသည် တရုတ်နိုင်ငံ၏ လုပ်ရဲကိုင်ရဲသည့် လုပ်ရပ်ကိုပြသလျက်ရှိသည့်အပြင် အထိအခိုက်မခံနိုင်သည့် စစ်လက်နက်ပစ္စည်းများသည် တရုတ်တပ်ဖွဲ့များ၏ တိုက်ခိုက်နိုင်မှုအကွာအဝေးအတွင်း၌တည်ရှိနေကြောင်းပြသလျက်ရှိသည်။

**တရုတ်နိုင်ငံ၏နောက်ဆုံးထုတ် စစ်လက်နက်များ**

တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများကို ဇွန်လအတွင်း အင်ဒို-ပစိဖိတ်ဒေသ၌ ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်းအသုံးပြုခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် အိန္ဒိယဂျက်တိုက်လေယာဉ်များ၊ အထူးသဖြင့် ပြင်သစ်ထုတ် Rafale တိုက်လေယာဉ်များကို တိုက်ခိုက်ပစ်ချရန် တရုတ်နိုင်ငံထုတ် J-10C တိုက်လေယာဉ်များကိုအသုံးပြုခဲ့သည်။

အာရှဒေသတွင်းပဋိပက္ခသည် တရုတ်နိုင်ငံထုတ် ဂျက်တိုက်လေယာဉ်များအပေါ် စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် အီဂျစ်နှင့် နိုင်ဂျီရီးယားနိုင်ငံတို့သည် J-10 တိုက်လေယာဉ် ဝယ်ယူရန် စိတ်ဝင်စားကြောင်း ပြသလျက်ရှိသည်။ တရုတ်နိုင်ငံတွင် ဇူဟိုင်းလေကြောင်းပြပွဲမပြုလုပ်မီကတည်းကပင် အာရပ်စော်ဘွားများပြည်ထောင်စုအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသည် တရုတ်စစ်လက်နက်ပစ္စည်းများကို သိသိသာသာတိုးမြှင့်ဝယ်ယူခဲ့ပြီး တရုတ်နိုင်ငံထုတ် ဒရုန်းများနှင့် တိုက်လေယာဉ်များကိုလည်းဝယ်ယူခဲ့သည်။

တရုတ်စစ်လက်နက်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများသည် အခြားဝယ်လက်ဖောက်သည်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံကိုလည်း တွေ့ရှိထားပြီးဖြစ်သည်။ အီရန်စစ်ဘက်တာဝန်ရှိသူများသည် ဇူဟိုင်း



တရုတ်နိုင်ငံထုတ် J-36 တိုက်လေယာဉ်ကို တွေ့ရစဉ်။

လေကြောင်းပြပွဲ၌ J-10 လေယာဉ်မျိုးအခန်းကို ဓာတ်ပုံရိုက်ယူသွားခဲ့သည်။ တရုတ်နိုင်ငံသည် စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လုပ်ဆောင်ရသည့် အကြောင်းတရားရှိနေသည်။ တရုတ်စစ်ဘက်အားနည်းချက်ကို ပင်လယ်ကွေ့ပဋိပက္ခကာလနှင့် ၁၉၉၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ထိုင်ဝမ်ရေလက်ကြား ပဋိပက္ခကာလတွင် ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို အသိပေးသည့်အနေဖြင့် ထိုင်ဝမ်ရေလက်ကြား၌ ဒုံးကျည်စမ်းသပ်မှုများ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် အမေရိကန်သည် တရုတ်နိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုများကို တုံ့ပြန်သည့်အနေဖြင့် လေယာဉ်တင်သင်္ဘောနှစ်စင်းနှင့် အစောင့်လိုက်သင်္ဘောများစွာပါဝင်သည့် လေယာဉ်တင်သင်္ဘောအုပ်စုနှစ်ခုကိုတပ်ဖြန့်ချထားခဲ့သည်။ အဆိုပါလေယာဉ်တင်သင်္ဘောအုပ်စုနှစ်ခုသည် တိုက်စွမ်းအားနှင့် အဆင့်မြင့်နည်းပညာ ပိုမိုသာလွန်လျက်ရှိသောကြောင့် တရုတ်စစ်သင်္ဘောများထက် စွမ်းဆောင်ရည်ပိုမိုလျက်ရှိသည်။

ထိုအချိန်ကတရုတ်သည် ဆိုဗီယက်ထုတ် စစ်လက်နက်ပစ္စည်းများကိုသာ မှီခိုအားထားခဲ့ရသည်။ အဆိုပါကန့်သတ်ချက်များသည် ထိုင်ဝမ်ရေလက်ကြား၌ အမေရိကန်ရေငုပ်သင်္ဘောများကို ခြေရာခံရန် တရုတ်ရေတပ်၏စွမ်းဆောင်နိုင်စွမ်းမရှိမှုကို မီးမောင်းထိုးပြသခဲ့သည်။ ထို့ကြောင့်တရုတ်နိုင်ငံသည် စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရန် ကာကွယ်ရေးအသုံးစရိတ် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည့်အပြင် စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့သည်။ အဆိုပါပြုပြင်ပြောင်းလဲမှုများကို ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌနှင့် ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ တရုတ်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကျန်ဇီမင်းလက်ထက်တွင် တွေ့ရှိခဲ့သည်။ ဗဟိုစစ်ကော်မရှင်သည် တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံးစစ်ဘက်အဖွဲ့အစည်းဖြစ်သည်။ အဆိုပါ စစ်ဘက်ဆိုင်ရာအပြောင်းအလဲများသည် မျက်မှောက်ခေတ် တရုတ်နိုင်ငံ၏ ခေတ်မီစစ်ဘက်အဆင့်မြှင့်တင်မှုစနစ်များအတွက် အခြေခံအုတ်မြစ်များချမှတ်နိုင်ခဲ့သည်။

**နည်းပညာစွမ်းအား**

တရုတ်နိုင်ငံ၏ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်မှုသည် နည်းပညာတွင် ပိုမိုကျယ်ပြန့်စွာရင်းနှီးမြှုပ်နှံမှုကိုလည်း ကိုယ်စားပြုလျက်ရှိသည်။ AI Chatbotနှင့် DeepSeekကဲ့သို့သော တရုတ်နည်းပညာတချို့သည် လက်ရှိအချိန်တွင် အနောက်တိုင်းလွှမ်းမိုးမှုများကို စိန်ခေါ်နေပြီဖြစ်သည်။ စီးပွားရေးစွမ်းအားသည် စစ်ရေးစွမ်းအားပိုမိုကြီးမားစေပြီး ကမ္ဘာလုံးဆိုင်ရာ အခန်းကဏ္ဍ၌ ပိုမိုပါဝင်လာနိုင်ကြောင်း ပညာရှင်များက သုံးသပ်ပြောဆိုလျက်ရှိသည်။ ယူကရိန်းပဋိပက္ခကာလတွင် တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့သည် ဥရောပနှင့်ရုရှားလုပ် စစ်လက်နက်ပစ္စည်းများကိုဝယ်ယူရန် အခက်အခဲဖြစ်လာသည့်အတွက် တရုတ်နိုင်ငံထုတ် စစ်လက်နက်ပစ္စည်းများနှင့်နည်းပညာများသည် အခွင့်အလမ်းပိုမိုရရှိလာခဲ့သည်။

တရုတ်စစ်လက်နက်ပစ္စည်းစနစ်များသည် အီရန်ကဲ့သို့သော အမေရိကန်နှင့်ဆက်ဆံရေးအဆင်မပြေသောနိုင်ငံများထံမှ ဝယ်လက်ဖောက်သည်များ ပိုမိုရှာဖွေသွားဖွယ်ရာရှိသည်။ အီရန်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံထုတ် လက်နက်စနစ်များကိုသာတပ်ဆင်နိုင်မည်ဆိုလျှင် အစ္စရေးနှင့်နှင့်ယှဉ်ပြိုင်ရာတွင် အခွင့်သာလာတော့မည်ဖြစ်သည်။

ထိုသို့ စစ်ဘက်ဆိုင်ရာအဆင့်မြှင့်တင်တည်ဆောက်မှုများသည် တရုတ်ကိုယုံကြည်မှုပိုမိုရရှိလာစေသလိုအမေရိကန်နှင့် အာရှရှိ ၎င်း၏မဟာမိတ်များ၏ မဟာဗျူဟာမြောက်နေရာကို ပိုမိုရယူလာနိုင်မည်ဖြစ်သည်။ J-20 တိုက်လေယာဉ်သည် အရှေ့အာရှဒေသတွင် မဟာဗျူဟာအရအရေးပါသောကျွန်းတန်းများရှိသည့် ပထမကျွန်းတန်း၏အားနည်းချက်ကိုထောက်ပြခဲ့သလို နောက်ဆုံးတီထွင်ဆန်းသစ်တည်ဆောက်ထားသည့် J-36 တိုက်လေယာဉ်သည် ဒေသတွင်းဝေဟင်စစ်ပွဲကို ပြန်လည်ပုံဖော်တည်ဆောက်သွားမည်ဖြစ်သည်။

AI နှင့် ဒရုန်းအုပ်စုများ ပေါင်းစပ်ထားသည့် စနစ်သည် ပျံသန်းနေသည့် ကိရိယာတစ်ခုအဖြစ် အထောက်အကူပြုသွားမည်ဖြစ်သည့်အတွက် ပေါင်းစပ်စနစ်အဖြစ်ဖန်တီးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အဆင့်မြင့်နည်းပညာများကိုပင်လျှင် ဖန်တီးနိုင်မည်ဖြစ်သည်။ အဆိုပါစစ်ဘက်ဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုအားလုံးသည် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်လာရှိကြောင်းကို ပြသလျက်ရှိပြီးတရုတ်နိုင်ငံကို လက်ရှိကမ္ဘာ့အခင်းအကျင်းကို စိန်ခေါ်နိုင်မည့်အင်အားများ ပေးအပ်သွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်း နိုင်ငံပေါင်း ၄၄ နိုင်ငံသို့ အဓိကလက်နက်များတင်ပို့ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှု၏ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ကမ္ဘာတစ်ဝန်းလက်နက်တင်ပို့ရာ၌ စတုတ္ထမြောက်နေရာတွင်ရပ်တည်ခဲ့သည်။ အာရှနှင့်သမုဒ္ဒရာဒေသရှိနိုင်ငံများသည် တရုတ်ကာကွယ်ရေးပစ္စည်းများကို အဓိကဝယ်ယူသူများဖြစ်သည့်အတွက် ၇၇ ရာခိုင်နှုန်းထိရှိခဲ့ပြီး အာဖရိကဒေသရှိနိုင်ငံများသည် ၁၄ ရာခိုင်နှုန်းရှိခဲ့သည်။ အထူးသဖြင့် ဒေသတွင်း၌တရုတ်၏ အဓိကမဟာမိတ်ဖြစ်သော ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံမှတင်ပို့သော လက်နက် ၆၃ ရာခိုင်နှုန်းခန့်ကိုဝယ်ယူခဲ့သည်။ ပါကစ္စတန်အနေဖြင့် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများရှိနေသည့်တိုင်အောင် အဆိုပါကာလအတွင်း လက်နက်တင်သွင်းရာ၌ ကမ္ဘာ့ပဉ္စမမြောက်အများဆုံးနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

တရုတ်နိုင်ငံသည် နိုင်ငံတကာအခင်းအကျင်းတွင် အင်အားကြီးထွားလာမှုကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်ပစ္စည်းကုန်သွယ်မှု၌ ကျယ်ပြန့်သောရည်မှန်းချက်များကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်နိုင်ငံသည် လက်နက်တင်ပို့မှုအရှိန်အဝါကိုရယူကာ ၎င်း၏လွှမ်းမိုးမှုတိုးချဲ့နိုင်ရေးအတွက် စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာမဟာဗျူဟာများကို ထိရောက်စွာထုတ်ယူအသုံးချသွားမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏လက်နက်တင်ပို့မှုများသည် အနောက်အုပ်စုလွှမ်းမိုးမှုကိုစိန်ခေါ်လျက်ရှိသည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းမြှင့်တင်ရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းအင်အားကြီးနိုင်ငံအဖြစ်မှသည် ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့သူအဖြစ် ပြောင်းလဲလာခြင်းသည် တရုတ်နိုင်ငံ၏နည်းပညာပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်မှု၊ စက်မှုလုပ်ငန်းစွမ်းဆောင်ရည်နှင့်မဟာဗျူဟာမြောက်မျှော်မှန်းချက်တို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။

အမှန်တော့ စစ်လက်နက်ပစ္စည်းကုန်သွယ်မှုသည် အသွားနှစ်လက်ပါသော ဓားတစ်လက်ဖြစ်သည့်အတွက် စီးပွားရေးနှင့်မဟာဗျူဟာမြောက်အကျိုးစီးပွားများဖြစ်ထွန်းလျက်ရှိသကဲ့သို့ ပဋိပက္ခနှင့် သံခင်းတမန်ခင်းဆိုင်ရာ အကျပ်အတည်းများလည်းရှိလာနိုင်ပေသည်။ စင်စစ်အားဖြင့် တရုတ်နိုင်ငံ၏လက်နက်တင်ပို့မှုမဟာဗျူဟာသည် ကမ္ဘာ့စင်မြင့်တွင် အဓိကနိုင်ငံအဖြစ် ရပ်တည်သွားနိုင်ရန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုအလားအလာသည် နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းတည်ငြိမ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာလက်နက်ဈေးကွက်တို့အပေါ်တွင်မူတည်နေပြီး ကမ္ဘာလုံးဆိုင်ရာအာဏာဟန်ချက်ကိုလည်း အပြောင်းအလဲဖြစ်လာစေနိုင်ကြောင်း သုံးသပ်ရေးသားလိုက်ရပါသည်။

**ကိုးကား**


(1) China's weapons exports shifting global balance of power By Asia Times.

(2) China's Arms Imports Are Declining – But So Are Its Arms Exports By The Diplomat


**ဝင်းဇင်(သုတေသန)**

# မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၉၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၉၀၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၈၀၄ ကေနှင့် ဖူးစားပြောင်းကေ ၂၅၀ စုစုပေါင်း ၂၀၅၄ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၆၆၅ ကေနှင့် ဖူးစားပြောင်း ၂၃၇ ကေ စုစုပေါင်း ၁၉၀၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းကေ ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ခန့်ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကုက္ကိုလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုက္ကိုလှကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကုက္ကိုလှကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကုက္ကိုလှကျေးရွာ၌ နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၃ သိန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုက္ကိုလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**

# ပဲခူးမြို့နယ် လက်ပံဝင်းကျေးရွာ၌ VDPစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ပဲခူး ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံဝင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

လက်ပံဝင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဇူလိုင်လထဲမှာ မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည် ဝယ်ယူမှုများပြားလာပါတယ်။ မတ်ပဲတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကို အများဆုံးတင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုပြည်ပဈေးကွက်က တော်တော်လေး အဝယ်လိုက်လာတာ ဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။



ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါမတ်ပဲများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် တောင်သူများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြင်ဦးလွင်မြို့နယ် ညောင်ပေါကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေပင်ကျေးရွာအုပ်စု ညောင်ပေါကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုးပွား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ညောင်ပေါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၈ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၆ သန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **အောင်ရဲကျော်**



# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၁)ရက်နေ့**တွင် မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြား စာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက် ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၁၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြေငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား / အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) **၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံ** ဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၈) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



THE BEST QUALITY TYRE



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊

e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ( ထိုင်း )၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို

ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



Myanmar MOBILE MONEY

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄



5 Digits အောင်ဘာလေ အွန်လိုင်းထီ

(၂၁)ကြိမ်မြောက် 5 Digits အောင်ဘာလေ အွန်လိုင်းထီရဲ့ Jackpot အထူးဆုကြီးရဲ့ ထီဆုငွေ

ကျပ်သိန်း (၁,၀၀၀)

ကံထူးရှင်ကြီးက

သင် ဖြစ်နိုင်ပါတယ်

အခုပဲ Aung Bar Lay APP မှတဆင့် (သို့)

*117# ကို ခေါ်ဆိုပြီး ဝယ်ယူကံစမ်းလိုက်ပါ။

Scan Me

Call Center 777 (or)

09 677 000 777


## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဦးစိုင်းထွေးအောင် + ဒေါ်ချိုချိုအောင်တို့၏သမီး ကံတက်ကုန်း(မစိုးရိမ်)ဘုန်းတော်ကြီးသင် မူလွန်ပညာရေးကျောင်း၊ Grade-4 မှ မဂျူးရတီအောင်အား မအိမ့်ဖူးသဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်ဖူးသဇင်**


**လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှ ထုတ်လုပ်သည့်ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်...

❖ ထိုသို့ တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




ရန်ကုန် ဩဂုတ် ၁၇

AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏတွင် ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ AYA BANK မှ CEO၊ တာဝန်ရှိသူများနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် YRG FC အသင်းနှင့် YGN CITY အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို အမှတ်တရဆုများကိုလည်းကောင်း၊ ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် MING-ALARDON FC အသင်းကို ဆုဖလားနှင့် ဂုဏ်ပြု ချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ် ၁၂ သရဖီအောင်ကို **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၁၈၂၇၉ ကိုလည်းကောင်း၊ တော်ဝင်ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၈၂၀၄၈ ကိုလည်းကောင်း

**စာမျက်နှာ ၂၂ ကော်လံ ၁** ❑




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## မိုးကျရေချို

ဆောင်းပါး

စာမျက်နှာ- ၁၈

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

